ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်ခြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ–၁၇၃)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် တနင်္ဂနွေနေ့။ Sunday, 8 November 2026 ၁၂၃၆

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)နှင့် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန ရန်ကုန် နည်းပညာတက္ကသိုလ် (YTU)နှင့် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ အတွင်း မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)ရှိ Myanmar Japan Technological Development Centre – 1 အတွင်းရှိ ဓာတ်ခွဲခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံသားလုပ်ငန်းရှင်များ အနေဖြင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့် ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့် ဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၄

အမှိုက်မီးရှို့ခြင်းကို ရပ်တန့်ပြီး သန့်ရှင်းသောလေထုကို ကာကွယ်ကြ ….

ဆောင်းပါး စာမျက်နှာ » ၆

မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၇

မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ပြသထားသည့် ပြကွက်များအား ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင် အမွေအနှစ်များကို ပြသထားသည့် ပြကွက်များအား ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





ဒေသတည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး အားလုံးလက်တွဲညီညီကြိုးပမ်း

လက်ရှိကာလတွင် ပြည်ထောင်စုကြီးအတွင်းရှိ အချို့ဒေသများ၌ ကာလရှည်ကြာဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကြောင့် ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝများ၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများစွာရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ သဘာဝအရင်းအမြစ်များနှင့် အလားအလာကောင်းများ ပိုင်ဆိုင်ထားသည့်ဒေသ၏ အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရန်၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားလာစေရန်အတွက် ဒေသတည်ငြိမ်အေးချမ်းမှုရရှိရေးသည် အရေးကြီးသောလိုအပ်ချက်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ရှေးယခင်ကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ အတူတကွနေထိုင်လာခဲ့ကြပြီး အချင်းချင်းချစ်ခင်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှုတို့ဖြင့် ငြိမ်းချမ်းသာယာဝပြောသော လူမှုအသိုက်အဝန်းကို တည်ဆောက်ခဲ့ကြသည်။ ယင်းသို့ အတူတကွယှဉ်တွဲနေထိုင်လာခဲ့ကြသည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှုတို့ကိုအခြေခံသော လူမှုအသိုက်အဝန်းတစ်ရပ် တည်ဆောက်နိုင်ရေးတို့သည် ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဘုံတာဝန်ပင်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့သည်လည်း ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အဓိကကျသည့် အင်အားများဖြစ်သည်။

ထို့ကြောင့် "သဘောထားကွဲလွဲမှုများကို အပြန်အလှန်လေးစားမှု၊ သည်းခံနားလည်မှုနှင့် တွေ့ဆုံဆွေးနွေးမှုတို့ဖြင့် ဖြေရှင်းနိုင်ရေး၊ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများ လျော့နည်းပပျောက်ရေး၊ လူမှုအသိုက်အဝန်းအတွင်း ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးတို့အတွက် သက်ဆိုင်သူများအားလုံးက စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန်၊ ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အေးချမ်းလုံခြုံမှုနှင့် ဘဝအနာဂတ်ကောင်းမွန်ရေးကို ရှေးရှု၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ကြိုးပမ်းကြရန်" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းလှိုင်အောင် က (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် အလေးအနက် တိုက်တွန်းပြောကြားထားသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးကဏ္ဍတစ်ခုတည်းဖြင့် ပြည့်စုံနိုင်မည်မဟုတ်ဘဲ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝအရည်အသွေးတို့တစ်ပြိုင်တည်းမြင့်မားလာဖို့လိုပါသည်။ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်များသည် နိုင်ငံနှင့်ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအင်အားများဖြစ်သကဲ့သို့ အရည်အသွေးပြည့်ဝသော ပညာရေးသည်လည်း အနာဂတ်မျိုးဆက်များ၏ အောင်မြင်မှုကို ပုံဖော်ပေးမည့် အဓိကအရင်းအမြစ်များဖြစ်သည်။ ထို့ကြောင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများ လက်လှမ်းမီစေရေးအပြင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ သန့်ရှင်းသော သောက်သုံးရေနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဒေသ၏လိုအပ်ချက်နှင့်အညီ အလေးထားဆောင်ရွက်နိုင်ရန် ဒေသတည်ငြိမ်အေးချမ်းမှုရှိရေးသည် အထူးလိုအပ်သည်။

ဒေသ၏အနာဂတ်ကို ပိုမိုတောက်ပကောင်းမွန်လာစေရန် ကလေးငယ်များလုံခြုံစွာပညာသင်ယူခွင့်ရရှိရေး၊ လူငယ်များ၏ အရည်အချင်းနှင့်အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရေး၊ အမျိုးသမီးများအတွက် တန်းတူညီမျှသောအခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုကို အားပေးမြှင့်တင်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ရှင်သန်တည်တံ့ဖွံ့ဖြိုးရေးတို့ကို အားလုံးက စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသတစ်ခု၏အင်အားသည် သဘာဝအရင်းအမြစ်များနှင့် စီးပွားရေးအလားအလာများတွင်သာ တည်မှီနေခြင်းမဟုတ်ဘဲ ယင်းဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး၏ စည်းလုံးညီညွတ်မှု၊ အသိပညာ၊ အတတ်ပညာ၊ စိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု စွမ်းအားများအပေါ်တွင် မူတည်နေသည်။

ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားယုံကြည်မှုတို့ကို ပိုမိုခိုင်မာအောင် တည်ဆောက်ကြရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်သမ္မတပေးပို့ခဲ့သည့် သဝဏ်လွှာပါ "သမိုင်းကို တန်ဖိုးထား၊ ယဉ်ကျေးမှုကို ထိန်းသိမ်း၊ ပညာကိုမြှင့်တင်၊ ညီညွတ်မှုကို တည်ဆောက်၍ ငြိမ်းချမ်းသာယာသော အနာဂတ်ကို အတူတကွ ဖန်တီးကြပါစို့" ဟူသော ခံယူချက်ဖြင့် ကရင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို အားလုံးလက်တွဲညီညီ တည်ဆောက်သွားကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

မင်းလှမြို့၌ စုပေါင်းသန့်ရှင်းရေးနှင့် ငါးလွှတ်ပွဲပြုလုပ်



မင်းလှ နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးနှင့် ငါးလွှတ်ပွဲကို နိုဝင်ဘာ ၅ ရက်က ပြုလုပ်သည်။

စုပေါင်းဆောင်ရွက်

ဦးစွာ သရက်တပင်အုပ်စု နန္ဒင်းဘုရား၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ထူးဦးဆောင်၍ ဝန်ထမ်းများက ဘုရားရင်ပြင်၌ စုပေါင်းသန့်ရှင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံအတွင်း ရေကန်၌ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၅၀၀၊ ငါးခုံးမကောင်ရေ ၂၅၀၀ စုစုပေါင်းငါးကောင်ရေ ၅၀၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

အလုံမြို့နယ်၌ အခြေခံပညာ အလယ်တန်းဆင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင်ပါဝင်သော ဥပဒေဆိုင်ရာသင်ခန်းစာများ ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၇

၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာအလယ်တန်းဆင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင်ပါဝင်သော ဥပဒေဆိုင်ရာ သင်ခန်းစာများဆွေးနွေးပွဲ(တိုင်းဒေသကြီးအဆင့်)အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှညွှန်ကြားရေးမှူး(ပညာ) ဒေါ်စန်းစန်းဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအဆင့် ဥပဒေဆိုင်ရာ သင်ခန်းစာများဆွေးနွေးမှုများ ပြုလုပ်သည်။

အဆိုပါ ဥပဒေဆိုင်ရာသင်ခန်းစာများ ဆွေးနွေးပွဲ(တိုင်းဒေသကြီးအဆင့်)အခမ်းအနားကို တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ကြီးကြပ်ရေးမှူး အဖွဲ့ဝင်များ၊ နည်းပြ ၁၁ ဦးနှင့် သင်တန်းသား သင်တန်းသူ ၁၁၄ ဦးတို့ဖြင့် နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုအကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေ

ဝမ်းတွင်း နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သည့် အတွက် ပြည်သူများကြိုတင်ပြင်ဆင်နိုင်ရန် နိုဝင်ဘာ ၄ ရက်တွင် နတ်ကန်(ရှေ့)ကျေးရွာ၌ အယ်လ်နီညိုအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မိတ္တီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် ဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများ ပူးပေါင်းအဖွဲ့များက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲရန် လိုက်နာရမည့်အချက်များကို အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဖြိုးစုနိုင်(ကျေးလက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

၇ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မို့မို့အောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်	အငယ်တန်း	- အောင်ကျော်ဦး၊ သန်းတင်အောင်
		သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေပြည်သာမြို့နယ်၌ ခေတ်မီပန်းခြံ တည်ဆောက်နိုင်ရေး လျာထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❍ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတသည် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာဆရာမများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ရန်ကုန်နည်းပညာတက္ကသိုလ်၏ အဆောက်အအုံများ တည်ဆောက်ထားရှိမှု စာသင်ဆောင်၊ အိပ်ဆောင်၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ၊ အားကစားကွင်းနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရန်ကုန်နည်းပညာတက္ကသိုလ် ပုံစံငယ်အား ကြည့်ရှုစစ်ဆေးပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး တက္ကသိုလ် အစည်းအဝေးခန်းမ၌ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်နည်းပညာတက္ကသိုလ်၏ သမိုင်းအကျဉ်း၊ သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများ ခန့်အပ်ထားရှိမှုနှင့် ပညာသင်နှစ်များအလိုက် ကျောင်းသား ကျောင်းသူများ ပညာ သင်ကြားလျက်ရှိမှု၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအတွက် အိပ်ဆောင်များလိုအပ်လျက်ရှိမှု၊ အားကစားရုံနှင့် အားကစားကွင်းများတွင် ကျောင်းသား ကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)ရှိ Myanmar Japan Technological Development Centre – 2 အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ဆောင်ရွက်လျက်ရှိမှု၊ တက္ကသိုလ် အတွက် အပန်းဖြေရိပ်သာ(RC) အဆောက်အအုံ လိုအပ်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အားကစားကွင်းများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် ဝင်ထွက်လမ်းများ စနစ်တကျ ဖြစ်စေရေးနှင့် ကျောင်းသား ကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစားခြင်းများ ဆောင်ရွက်နိုင်ရန်နှင့် အားကစားပွဲများကို ပုံစံတကျ ကျင်းပပြုလုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ RC အဆောက်အအုံ တည်ဆောက်ရာတွင် ကျောင်းသား ကျောင်းသူများ သွားလာမှုလွယ်ကူသည့် နေရာကို ရွေးချယ်၍ တွက်ချက် တည်ဆောက်သွားရန်၊ ခေတ်နှင့် လျော်ညီသည့် အဆောက်အအုံပုံစံ ဖြစ်စေရေး စနစ်တကျ ဒီဇိုင်း ကြိုတင်ရေးဆွဲ တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် Myanmar Japan Technological Development Centre – 1 အတွင်းရှိ ဓာတ်ခွဲခန်းများအတွင်း စမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ RC အဆောက်အအုံ တည်ဆောက်ရန် လျာထားမြေနေရာနှင့် Myanmar Japan Technological Development Centre – 2 အတွင်းရှိ သစ်သား၊ သံ၊ သတ္တု၊ ကွန်ကရစ်၊ မြေသား စသည့် ဒြပ်ထုများ၏ ခံနိုင်ရည် စမ်းသပ်ခန်းများအတွင်း လက်တွေ့ဆောင်ရွက်နိုင်မှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် တက္ကသိုလ် အားကစားကွင်း အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး အားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက် ကျန်စစ်သားလမ်းနှင့် အင်းဂလိုင်ချောင်းဘေးရှိ အဆိုပြုမြေနေရာနှင့် အမှတ်(၁၅)ရပ်ကွက် ကနောင်မင်းသားကြီးလမ်းဘေးရှိ အဆိုပြုမြေနေရာတို့၌ လှိုင်သာယာမြို့နယ် ဘောလုံးကွင်း တည်ဆောက်နိုင်ရေး လျာထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် လှိုင်သာယာမြို့နယ် အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းများ စနစ်တကျဖြစ်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေး၊ သန့်ရှင်းသာယာလှပရေးတို့နှင့် ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ရွှေပြည်သာမြို့နယ် အမှတ်(၃၄) မြေတိုင်းရပ်ကွက် စက်မှုဒေသလမ်းမကြီး၊ ပုသိမ်လမ်းနှင့် ပဲနွယ်ကုန်းလမ်းတို့အကြားရှိမြေနေရာနှင့် အမှတ်(၃၁) မြေတိုင်းရပ်ကွက် ပြည်ထောင်စုလမ်း၊ စံပယ်လမ်းနှင့် စက်မှုလမ်းသွယ်တို့အကြား မြေနေရာတို့၌ ခေတ်မီပန်းခြံ နှင့် မြို့နယ် အားကစားကွင်း တည်ဆောက်နိုင်ရေးလျာထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် နိုင်ငံအတွင်းရှိ မြို့ရွာများအားလုံး၌ မြေအသုံးချမှုများ စနစ်တကျဖြစ်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးထားသည့် မြေနေရာများကိုလည်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်မှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်သည့် ကိစ္စရပ်များ၊ မြို့များသန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ စိမ်းလန်းစိုပြည်ရေး အတွက် သစ်ပင်များ စနစ်တကျစိုက်ပျိုးစေရေး၊ လေဝင်လေထွက်ကောင်းမွန်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်ရေးတို့အတွက် စည်းကမ်းဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များ။

ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများမြင့်မားလာစေရေး အပါအဝင် လပတ်စာမေးပွဲ မှန်ကန်စွာပြုလုပ်ရေး၊ အပတ်စဉ်စာကျက်ဖတ်မှုများ စိစစ်ရေးနှင့် ပညာရေးကိုအားပေးဆောင်ရွက်သွားရန် လိုအပ်သည့် ကိစ္စရပ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်ခွင့်ပြုပေးထားသည့် စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်မှုမြင့်မားစေရေး၊ အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်ရေးတို့အတွက် စက်ရုံများ လည်ပတ်နေရန်နှင့် အလုပ်သမားဆိုင်ရာ အခွင့်အရေးများရရှိရေး၊ စည်းကမ်းစနစ်တကျ အလုပ်လုပ်ကိုင်နိုင်ရေး စိစစ်ဆောင်ရွက်သွားရန် လိုအပ်သည့် ကိစ္စရပ်များ၊ ဒေသတွင်း အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာဖူလုံစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို လူဦးရေအချိုးနှင့် အညီ တွက်ချက်၍ စဉ်ဆက်မပြတ် ထုတ်လုပ်မှုဖြစ်စေရေးဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲမှ**

အဆိုပါလေ့လာရေးအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးက ဦးဆောင်၍ ကမာရွတ် ခရိုင်ပညာရေးမှူးရုံး၏ကြီးကြပ်မှုဖြင့် အထက်တန်းပြဆရာ ဆရာမများနှင့်အတူ ကျောင်းသား ကျောင်းသူ ၂၀၀ သည် ဆဋ္ဌသင်္ဂါယနာတင်မဟာပါသာဏလိုဏ်ဂူ သိမ်တော်၏ သမိုင်းကြောင်းနှင့် ဗုဒ္ဓသာသနာတော် ဆိုင်ရာအမွေအနှစ်ပြကွက်(၁၀)ကွက် ဖြစ်သည့် ဘုရားလောင်းပဋိသန္ဓေယူခန်း၊ ဘုရားလောင်းဖွားတော်မူခန်း၊ ဘုရားဖြစ်တော်မူခန်း၊ ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦး ဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်းပြကွက်၊ အိန္ဒိယနိုင်ငံတွင် နှုတ်တက် အာဂုံရွတ်ဆိုတင်တော်မူခဲ့ကြသည့် သင်္ဂါယနာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပထမသင်္ဂါယနာတင်ပြကွက်၊ ဒုတိယသင်္ဂါယနာတင်ပြကွက်၊ တတိယသင်္ဂါယနာတင်ပြကွက်၊ သီရိလင်္ကာနိုင်ငံ၌ ပေထက်အက္ခရာတင်ခဲ့သည့် စတုတ္ထသင်္ဂါယနာတင် ပြကွက်နှင့် မြန်မာနိုင်ငံ မန္တလေးမြို့၌ မင်းတုန်းမင်းကြီးလက်ထက် ကျောက်ထက်အက္ခရာတင်ခဲ့သည့် ပဉ္စမသင်္ဂါယနာတင်ပြကွက်၊ ကုသိုလ်တော်ဓမ္မစေတီများပြကွက် စသည်တို့ကို လေ့လာကြသည်။

ယခုကဲ့သို့ လာရောက်လေ့လာခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် ဗုဒ္ဓသာသနာတော်၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုသိရှိနားလည်စေရန်နှင့် သာသနာတော်ကို ကြည်ညိုလေးစားသည့် စိတ်ဓာတ်များတိုးပွားလာစေရန်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

☆ ကျောဖုံးမှ

ဦးစွာ ဒုတိယသမ္မတသည် နေပြည်တော် သုခသိဒ္ဓိရပ်ကွက် အကွက်အမှတ်(၈-က)ရှိ စီမံကိန်း ရှင်းလင်းဆောင်၌ ဝန်ထမ်းအိမ်ရာ သစ်များ ဆောက်လုပ်ရေးနှင့် လျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်းများသည် မန္တလေး လျင်ကြီးဒဏ် စတင်ခံစားရသည့်အချိန်က နိုင်ငံ့ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှုများကြောင့် နေထိုင်ရေးအတွက် များစွာခက်ခဲခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတက နိုင်ငံ့ဝန်ထမ်းများနေထိုင်ရေးအတွက် အဆောက်အအုံများကို အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း စသည်တို့ကို မူလကထက် ပိုမိုပြည့်စုံကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ပေးရန်နှင့် အချိန်မီပြီးစီးအောင် လမ်းညွှန်မှာကြားထားပါကြောင်း၊ ထို့ကြောင့် အသစ်တည်ဆောက်သည့် ဝန်ထမ်းအိမ်ရာများနှင့် ပြန်လည်ပြုပြင်မည့် ဝန်ထမ်းအိမ်ရာများအားလုံးကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်ဝစွာဖြင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်နှင့် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်တို့က မန္တလေးလျင်ကြီးဒဏ်ကြောင့် နေပြည်တော်ကောင်စီ၊ ခရိုင်နှင့် မြို့နယ်အလိုက် နိုင်ငံပိုင် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကိုလည်းကောင်း၊ ပြန်လည်ပြုပြင်ပြီးစီးမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပြန်လည်အပ်နှံနိုင်မှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိမှုအခြေအနေများကို လည်းကောင်း၊ အလုံစုံပြီကျပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများအစား အကွက်အမှတ်အလိုက် လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာသစ်များ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ဆဲလုပ်ငန်းများနှင့် သတ်မှတ်ကာလ အတွင်း ပြီးစီးမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အကွက်အမှတ်(၈-က)ရှိ လေးခန်းတွဲလေးထပ် အမှုထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှု၊ အခန်းဖွဲ့စည်းမှုနှင့် တိုက်အလိုက် ရေထုကန်နှင့် ရေမော်တာများတပ်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အကွက်အမှတ်(၃)ရှိ လေးခန်းတွဲလေးထပ် အရာထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုနှင့် အခန်းဖွဲ့စည်းမှုအခြေအနေများကိုလည်းကောင်း၊ လျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများနှင့် သက်ဆိုင်ရာဌာနမှဝန်ထမ်းများ ပြန်လည်နေထိုင်နေမှုအခြေအနေများကိုလည်းကောင်း လုပ်ညှိလည်ကြည့်ရှုစစ်ဆေးပြီး ဖြည့်စွက်ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန်ရည်ရွယ်သည့် ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇



လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်ရွယ်ချက်ဖြင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီသည့် ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော် ဒဂ္ဂိဏာသီရိမြို့နယ်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်က ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစီမံကိန်းများ၊ လေအားလျှပ်စစ်စီမံကိန်းများ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ရေထိမ်ပိုင်းကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းခြင်းလုပ်ငန်းများ၊ ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းများ၊ အမိုးတင်ဆိုလာ လုပ်ငန်းများ၊ ရေပေါ်ဆိုလာ ဓာတ်အားပေးစက်ရုံများ၊ ရေစုပ်တင်သိုလှောင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ စသည့် အလုပ်အကိုင်အခွင့် အလမ်းများတွင် ရင်းနှီးမြှုပ်နှံသွားစေလိုကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် နိုင်ငံချင်းချိတ်ဆက်သည့်အထိ ရည်မှန်းထားပြီး စွမ်အင်ကဏ္ဍအတွက် Energy Trading အထိ ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်မြန်မာနိုင်ငံတော်တွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ဆွေးနွေးပွဲတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတွင်းရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီးတို့မှ တာဝန်ရှိသူများ၊ လျှပ်စစ်/စွမ်းအင်ကဏ္ဍနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်းကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် စီတ်ပါဝင်စားသူများ စုစုပေါင်း ၂၀၀ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



အယ်လ်နီညိုကာလအတွင်း တိရစ္ဆာန်အစားအစာအဖြစ် ကြိုတင်စုဆောင်းမှု သွားရောက်ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၇

ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် ကွင်းအမှတ်(၁၆၅၄)ရှိ တောင်သူဦးဘိုဘိုဟန်၏ မိုးစပါးရိတ်သိမ်းပြီး ကောက်ရိုးများကို အယ်လ်နီညိုကာလအတွင်း တိရစ္ဆာန်အစားအစာအဖြစ် ကြိုတင်စုဆောင်းရန် ကောက်ရိုးထုံးအဖြစ် ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ ရဲထွန်းဝင်း သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ ပျဉ်းမနားမြို့နယ် တပ်ပိုးကျေးရွာရှိ ဦးသိန်းဆိုင်၏ နွံစားနွား မွေးမြူရေးခြံကိုလည်း ကောင်း၊ ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာရှိ စမ်းဝတီသမဝါယမအသင်းပိုင် နွံစားနွား မွေးမြူရေးခြံ၏ မွေးမြူရေးလုပ်ငန်းများ၊ အစာကျွေးမွေးမှုနှင့် တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာများ၊ နို့နှင့် နွံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုများကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ထိုသို့ သွားရောက်စဉ် သက်ဆိုင်ရာ တောင်သူများ၊ ခြံတာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးပြီး ဒုတိယဝန်ကြီးက အယ်လ်နီညိုကာလအတွင်း မွေးမြူရေးကဏ္ဍအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဖြစ်သည့် ရေနှင့်အစာ ကြိုတင်စီမံရေး၊ ရောဂါကြိုတင်ကာကွယ်ရေး၊ အပူဒဏ်ကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်မှု ပြင်ဆင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

သဲကုန်းမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိညာဉ်ပေးဟောပြော

သဲကုန်း နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ပူပါအယ်လ်နီညိုအန္တရာယ်နှင့် အပူဒဏ်အန္တရာယ် ကာကွယ်ရေး အသိညာဉ်ပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်အေးစမ်းက ဓူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်သော အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် အပူဒဏ် အန္တရာယ်ကြောင့် ဖြစ်ပွားလာနိုင်သော ကျန်းမာရေးပြဿနာများ၊ ဆောင်ရန်/ ရှောင်ရန် နည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးအသိပညာများ ဟောပြောသည်။

သဲကုန်းမြို့နယ်တွင် အပူရှောင်စခန်း (၂၁)ခု ဖွင့်လှစ်ပေးခြင်း၊ အပူဒဏ်ကြောင့် ရောက်ရှိလာသောလူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ကုသပေးမည့်နေရာ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်း ပြင်ဆင်ထားရှိခြင်း၊ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ် သတိပေးလိုက်လံနှိုးဆော်ခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



ရေကြည်လင်မှ စိတ်အေးချမ်း ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း

ရေရှားမည်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနား တက်ရောက်

ဘားအံ နိုဝင်ဘာ ၇

ကရင်တိုင်းရင်းသားလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်ကျော်ဟိုး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဦးသန်းမောင်၊ ဦးခင်မောင်စိုး၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့မှ လွှတ်တော်ဥက္ကဋ္ဌများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စု အတိုင်ပင်ခံကောင်စီဝင်များ၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြကာ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဂ္ဂမဟာသေနာပတိသူအဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၁)နှစ်မြောက်ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးနှင့် ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက မုခ်ဦးနှင့် ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယသမ္မတက (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ငြိမ်းချမ်းရေးချိုးဖြုတ် ၇၁ ကောင်ကို လွှတ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက ဘင်ခရာ၊ ပန်းဖွားနှင့် ဒုံးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပြခန်း၌ ကျင်းပသည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အခမ်းအနားတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိကြသည့် တောင်သူများကိုယ်စားတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဘားအံမြို့ရှိ လှာကမြင်စိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလက်တွေ့ပြိုင်ပွဲနှင့် KSLA ရွှေခါးပတ်ချနိပ်ယိုလုပွဲသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ကန်သာယာရေပြင်၌ ကျင်းပသည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလေ့လော့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး အမျိုးသားအမျိုးသမီး ရိုးရာလေ့လော့ပြိုင်ပွဲ၏ ဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက အမျိုးသားအမျိုးသမီး ရိုးရာလေ့လော့ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ညပိုင်းတွင် ဘားအံမြို့သိရိုက္ခင်း၌ ကျင်းပသည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင် ဒုံးအကအဖွဲ့များ၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ သတင်းစဉ်



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး

ဘားအံ နိုဝင်ဘာ ၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ဆောင်ရွက်ရေး၊ မြေပြင်အခြေအနေနှင့် ကွဲလွဲမှုမရှိစေရေးအတွက် စိစစ်သုံးသပ်ဆောင်ရွက်ရေး၊ စာရင်းအချက်အလက်များ ကောက်ယူရာတွင် မှန်ကန်မှုနှင့် ပြည့်စုံမှုရှိစေရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) အကြီးစားပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၇

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) တွင် အကြီးစားပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ဒုတိယဝန်ကြီး ဦးခင်လတ်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်စဉ် ပြတိုက်ရင်းလင်းဆောင်၌ ဒုတိယဝန်ကြီးက ပြတိုက်တည်ဆောက်နေမှု၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် တည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာများက ပြင်ဆင်ပြီးစီးမှုအခြေအနေကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြတိုက်အဆောက်အအုံကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အမှိုက်မီးရှို့ခြင်းကို ရပ်တန့်ပြီး သန့်ရှင်းသောလေထုကို ကာကွယ်ကြ ....

စည်သူကျော်

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်၏မြို့တော်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်မှာ လအနည်းငယ်ခန့်ကြာပြီဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသူမို့ ယခင်ကတည်းကပင် ဤပြည်နယ်မြို့တော်သို့ မကြာခဏရောက်ရှိဖြစ်ခဲ့ပါသည်။ ပြည်နယ်မြို့တော်ပင်ဖြစ်လင့်ကစား သစ်ပင်ကြီးများအုံ့အုံ့ဆိုင်းဆိုင်းဖြင့် အရိပ်အာဝါသ ကောင်းမွန်အေးမြသော မြို့တစ်မြို့ဖြစ်ပါသည်။ ယခုအချိန်ထိလည်း သစ်ကြီးဝါးကြီးများရှိနေဆဲ၊ ရာသီဥတုကမူ ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်နှင့်အတူ အတန်ငယ်ပြောင်းလဲခဲ့ပြီဖြစ်ပါသည်။

တစ်ခုသောညနေခင်းတွင် အားလပ်၍မိတ်ဆွေနှင့်အတူ ဈေးရှိရာဘက်သို့ လမ်းလျှောက်ထွက်ခဲ့သည်။ ဈေးဝယ်ရန်ဆိုသည်ထက် မြို့အခင်းအကျင်းကို ကြည့်ရှုရန်ဖြစ်သည်။ ရောက်စက မိုးတွင်းကာလဖြစ်သဖြင့် မိုးရွာသွန်းမှုများခြင်းကြောင့် အပြင်သို့သိပ်မရောက်ဖြစ်ပေ။ ယခုမိုးလေကင်းသောကာလသို့ရောက်ပြီဖြစ်သောကြောင့် ခြေခင်းလက်ခင်းသာသည်နှင့် လမ်းလျှောက်ရန် တာစူမိနေလေပြီ။ လမ်းတစ်လျှောက် ကုက္ကိုပင်ကြီးများ၊ အခြားသစ်ပင်ကြီးများဖြင့် အရိပ်အာဝါသကောင်းလှသည်။ ပတ်ဝန်းကျင်တစ်ခို အုံ့ဆိုင်းမှိုင်းရီလျက်ရှိနေပေသည်။ အတန်ငယ်လျှောက်မိသည်နှင့် ဈေးဘက်သို့ လမ်းမျှော်ကြည့်သော် မီးခိုးများ တလိပ်လိပ်တက်လျက် မှုန်မှိုင်းနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် မိတ်ဆွေအား-

"ဈေးဘက်မီးလောင်တယ်နဲ့တူတယ်ဗျ၊ မီးခိုးတွေ မည်းလို့ပါလား"

မိတ်ဆွေက ပြုံးလျက်-

"ဆရာက ရောက်တာသိပ်မကြာသေးလို့ မသိတာပါ၊ မီးလောင်တာမဟုတ်ပါဘူးဆရာရဲ့၊ အဲဒါ အမှိုက်မီးရှို့လို့ ထွက်တဲ့မီးခိုးတွေပါ"

ဩော် အမှိုက်မီးရှို့ရာကထွက်တဲ့ မီးခိုးများပါတဲ့လား၊ များပဲများသေးတော့။ မှန်ပါသည်။ နေရာအနှံ့မှ အမှိုက်မီးရှို့ရာမှထွက်သော မီးခိုးတို့သည် လေထုထဲသို့ လှိုက်၍လှိုက်၍တက်နေသည်ကို လှမ်းတွေ့ရသည်။ အတန်ငယ်ဆက်လျှောက်မိသော် အဆိုပါမီးခိုးများက လမ်းလျှောက်လာသူတို့ထံ ဇွတ်အတင်းတိုးဝင်လာသဖြင့် ရှောင်မရ၊ ရှားမရ၊ ရှူရှိုက်မိရပါလေပြီ။ ထို့ကြောင့် မိမိကပင် မိတ်ဆွေအား-

"ပြန်လှည့်ကြစို့ဗျာ၊ လမ်းလျှောက်လို့မောရတဲ့အထဲ မီးခိုးကြောင့် အသက်ရှူမဝဖြစ်နေပြီ"

မိတ်ဆွေကပြုံးလျက်-

"နောက်တော့ နေသားကျသွားမှာပါ ဆရာရယ်" ဟုပြောသည်။

မိတ်ဆွေအား ခွန်းတုံ့မပြန်ချင်သော်လည်း စိတ်ထဲမှာတော့ မီးခိုးရှူရှိုက်ရခြင်းကို အဘယ်မှာနေသားကျရပါမည်နည်းဟု မေးခွန်းထုတ်နေမိသည်။ နောက်ရက်များတွင် အခြားဘက်သို့ ခြေဦးလှည့်သော်လည်း မီးခိုးနှင့်က ရှောင်၍မလွတ်၊ အရပ်ရပ်မှာ အမှိုက်တို့ကို မီးရှို့လေသည်ထင့်။ မီးခိုးတို့ဖြင့် အုံ့ဆိုင်းလျက်၊ ရုတ်တရက်ကြည့်သော် ရာသီဥတုအုံ့မှိုင်းလျက် သာယာလှပေသည်ဟုထင်မှတ်ဖွယ်ရာ။ သို့သော် ယင်းအုံ့မှိုင်းမှု၏ နောက်ကွယ်က ကြောက်မက်ဖွယ်ရာကို သတိမမူမိလေသည်တကား။ မိုးပြတ်သည်နှင့် သစ်ရွက်အမှိုက်တို့ကို မီးရှို့ဖျက်ဆီးကြလေသည်။ ယင်းသစ်ရွက်အမှိုက်တို့နှင့်အတူ စက္ကူ၊ ပလတ်စတစ်တို့သည်လည်း ဖယ်ရှားမရ ပါဝင်လာတတ်ပေရာ မကောင်းသော မီးခိုးအငွေ့အသက်တို့သည် မြို့လုံးတစ်ခွင် ရစ်သိုင်းလွင့်ပျံ့နေလေသည်။ မီးရှို့သူသာမက မီးခိုးငွေ့များအတွင်း နိစ္စဓူဝဖြတ်သန်းနေကြသူများကား မည်သို့နေကြလေသည်မသိ၊ ၎င်းတို့အစား မိမိမှာ အသက်ရှူမဝဖြစ်ရသည်။

လွန်ခဲ့သောလအတွင်းကပင် မြန်မာ့အလင်းသတင်းစာ၌ ဆောင်းပါးရှင် သစ်တောမောင်ရေးသားသော **"ခြောက်သွေ့ရာသီ ရောက်လာပြီ၊ Fire Hotspot နှင့်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်စို့"** ဆောင်းပါးကို ဖတ်ရှုခဲ့ရသည်။ ယင်းဆောင်းပါးတွင် မီးခိုးမြူငွေ့ဖြစ်ပေါ်ရသည့်အကြောင်းရင်းနှင့် မီးခိုးမြူငွေ့၏ အန္တရာယ်ကိုဖော်ပြထားသည်။ မီးခိုးမြူငွေ့များသည် လေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်စေနိုင်ပြီး ရက်ကာလကြာရှည်လာသည်နှင့်အမျှ လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေး၊ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်တို့အပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်နယ်မြို့တော်သည် ဧရာဝတီမြစ်ကြီး၏ စီးဆင်းမှုနှင့်အတူ ရေမြေတောတောင် သဘာဝအလှအပများ၊ ဖော်ရွေပျူငှာသော တိုင်းရင်းသားတို့၏ ချစ်စဖွယ်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ပေါင်းစပ်တည်ရှိရာ နေရာတစ်ခုဖြစ်ပါသည်။ အလားတူ လမ်း၊ တံတား အပါအဝင် အခြေခံအဆောက်အအုံများဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆီဦးတည်နေသော ဒေသတစ်ခုလည်း ဖြစ်ပါသည်။ မြို့ပြ၏ သန့်ရှင်းသာယာလှပမှုသည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်း အရည်အသွေးကို ဖော်ပြသည်သာမက ပြည်နယ်၏ ပုံရိပ်နှင့် ကူးသန်းသွားလာရေးကိုပါ ဖွံ့ဖြိုးတိုးတက်စေပါသည်။

သို့သော် အိမ်ခြံဝင်းများ၊ လမ်းဘေးနေရာများနှင့် အမှိုက်စုပုံရာနေရာများတွင် စွန့်ပစ်အမှိုက်များကို မီးရှို့ခြင်းသည် မြို့ပြသန့်ရှင်းသာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထိခိုက်လာနိုင်သည့်အပြင် မြို့နေဒေသခံပြည်သူများ၏ ရေတိုရေရှည် ကျန်းမာကြံ့ခိုင်ရေးကို ထိခိုက်လာနိုင်သည့်အတွက် သတိပြုရမည့် ပြဿနာတစ်ရပ်ဖြစ်ပါသည်။ အမှိုက်များကို မီးရှို့လိုက်ခြင်းဖြင့် အမှိုက်ပုံများ လျော့နည်းသွားသည်ဟုထင်ရသော်လည်း မီးခိုးနှင့်အတူ မျက်စိဖြင့် မမြင်နိုင်သော အမှုန်အမွှားများ၊ အန္တရာယ်ရှိသော ဓာတ်ငွေ့များနှင့် ဓာတုပစ္စည်းများသည် လေထုအတွင်းသို့ ပျံ့နှံ့သွားနိုင်သည်။

ထို့ကြောင့် အမှိုက်မီးရှို့ခြင်းသည် အမှိုက်စွန့်ပစ်မှု၊ စုပုံရှင်းမှုကို သင့်လျော်ကောင်းမွန်သောနည်းလမ်းဖြင့် ဖြေရှင်းလိုက်ခြင်းမဟုတ်ဘဲ အများပြည်သူ အလွယ်တကူသတိမမူ၊ မမြင်နိုင်သော လေထုညစ်ညမ်းမှု ပြဿနာတစ်ခုကိုပါ ဆင့်ပွားဖန်တီးလိုက်ခြင်းဖြစ်ကြောင်း နားလည်ထားရန် လိုအပ်မည်ဖြစ်ပါသည်။

မီးခိုးမြူ (Smoke Haze) ဆိုသည်မှာ မီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုး၊ အမှုန်အမွှားငယ်များနှင့် အခြားလေထုညစ်ညမ်းစေသော ပစ္စည်းများ လေထုအတွင်း ပျံ့နှံ့စုဝေးနေခြင်းကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေဖြစ်သည်။ အမှိုက်မီးရှို့ရာမှ ထွက်လာသော မီးခိုးများတွင် အောက်ပါလေထုညစ်ညမ်းစေသော ပစ္စည်းများ ပါဝင်နိုင်သည်-

၁။ $PM_{2.5}$ အမှုန်အမွှားများ

$PM_{2.5}$ ဆိုသည်မှာ အချင်း ၂ ဒသမ ၅ မိုက်ခရိုမီတာ သို့မဟုတ် ယင်းထက်ငယ်သော လေထုအတွင်းရှိ အမှုန်အမွှားများကို ဆိုလိုပါသည်။ ယင်းတို့သည် လူ့ဆံပင်တစ်ချောင်း၏ အချင်းထက် များစွာသေးငယ်ပြီး အသက်ရှူလမ်းကြောင်းအတွင်း နက်ရှိုင်းစွာဝင်ရောက်နိုင်သည်။ $PM_{2.5}$ အမှုန်များသည် မျက်စိဖြင့် မမြင်နိုင်လောက်အောင်သေးငယ်သော်လည်း ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့် မီးခိုးမည်းမည်းများ မမြင်ရတော့ခြင်းကိုပင် လေထုသန့်စင်သွားပြီဟု အဓိပ္ပာယ်မကောက်ယူသင့်ပေ။

၂။ PM_{10} အမှုန်အမွှားများ

PM_{10} သည် အချင်း ၁၀ မိုက်ခရိုမီတာ သို့မဟုတ် ယင်းထက်ငယ်သော အမှုန်အမွှားများဖြစ်ပါသည်။ ယင်းတို့သည် နှာခေါင်း၊ လည်ချောင်းနှင့် အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်ကာ ယားယံခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူမသက်မသာဖြစ်ခြင်းတို့ကို ဖြစ်စေနိုင်သည်။

၃။ ကာဗွန်မိုနောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များ

အမှိုက်များ လုံလောက်စွာမလောင်ကျွမ်းသည့်အခါ ကာဗွန်မိုနောက်ဆိုက် (Carbon Monoxide) ကဲ့သို့သော အန္တရာယ်ရှိသည့် ဓာတ်ငွေ့များ ထွက်ပေါ်လာနိုင်သည်။ ယင်းဓာတ်ငွေ့သည် အရောင်မရှိ၊ အနံ့မရှိသဖြင့် လူတို့အနေဖြင့် အလွယ်တကူ သတိမပြုမိနိုင်ပေ။

၄။ အဆိပ်အတောက်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ

ပလတ်စတစ်၊ ရော်ဘာ၊ ဆေးသုတ်ထားသောပစ္စည်းများနှင့် အခြားဓာတုပစ္စည်းပါဝင်သည့် အမှိုက်များကို မီးရှို့သည့်အခါ မီးလောင်ကျွမ်းမှု အခြေအနေနှင့် မီးရှို့သည့်ပစ္စည်း အမျိုးအစားအပေါ်မူတည်၍ အခြားအန္တရာယ်ရှိသော ဓာတုပစ္စည်းများလည်း ထွက်ပေါ်လာနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်ချက်တွင် အမှိုက်များကို လဟာပြင်၌မီးရှို့ခြင်းသည် လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးထိခိုက်မှုတို့ကိုဖြစ်စေနိုင်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် အမှိုက်မီးရှို့ခြင်းကို အနံ့ဆိုးနှင့် မီးခိုးထွက်ခြင်းမျှသာဟု မမြင်သင့်ဘဲ လူတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော လေထုညစ်ညမ်းမှု အရင်းအမြစ်တစ်ခုအဖြစ် ရှုမြင်သင့်ပါသည်။

ပြည်နယ်မြို့တော်တွင် အိမ်ထောင်စုများ၊ ဈေးများ၊ စားသောက်ဆိုင်များ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြားလူမှုစီးပွားရေးလုပ်ငန်းများမှအမှိုက်များ နေ့စဉ်ထွက်ပေါ်လျက်ရှိပါသည်။ အမှိုက်များကို စနစ်တကျမခွဲခြားခြင်း၊ ပုံမှန်သိမ်းဆည်းစွန့်ပစ်ရန် အဆင်မပြေခြင်း သို့မဟုတ် အမှိုက်ပုံများ ကြာရှည်စွာ စုပုံနေခြင်းတို့ ဖြစ်ပေါ်လာပါက အချို့ပြည်သူများသည် အမှိုက်များကို စုပုံမီးရှို့ခြင်းနည်းလမ်းဖြင့် ရှင်းလင်းရန် ကြိုးစားလာနိုင်ပါသည်။ ဤနေရာတွင် အရေးကြီးသော အချက်မှာ အမှိုက်မီးရှို့သူတစ်ဦးချင်းစီကိုသာ အပြစ်တင်ခြင်းမဟုတ်ဘဲ အမှိုက်မီးရှို့ရသည့် အကြောင်းရင်းများကိုပါ ရှာဖွေဖြေရှင်းရန်ဖြစ်ပါသည်။ အမှိုက်သိမ်းဆည်းမှု အဆင်မပြေခြင်း၊ အမှိုက်ခွဲခြားစွန့်ပစ်မှုနှင့်ပတ်သက်သော အသိပညာမလုံလောက်ခြင်း၊ ပြန်လည်အသုံးပြုနိုင်သည့် အမှိုက်များအတွက် လုံလောက်သောအခြေအနေမရှိခြင်းတို့သည် အရေးကြီးသော စိန်ခေါ်မှုများဖြစ်နိုင်ပါသည်။

၂၀၂၄ ခုနှစ်တွင် ပြည်နယ်မြို့တော်ရှိ ဒေသခံ ၂၀၀ ကို လေ့လာထားသော အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သုတေသနတစ်ခုတွင် ဖြေဆိုသူ ၉၂ ရာခိုင်နှုန်းက အမှိုက်ကို မမှန်မကန်စွန့်ပစ်ခြင်းသည် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ကြောင်း သိရှိထားကြပြီး ၉၇ ရာခိုင်နှုန်းက ပလတ်စတစ်အမှိုက်မီးရှို့ခြင်း၏ ကျန်းမာရေးအန္တရာယ်ကို နားလည်ထားကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ သို့သော် အသိပညာရှိခြင်းနှင့် လက်တွေ့တွင် မှန်ကန်သောအလေ့အထကို လိုက်နာကျင့်သုံးခြင်းတို့အကြား ကွာဟချက်ရှိနေကြောင်းလည်း သုတေသနကထောက်ပြထားသည်။

ဤရလဒ်သည် အရေးကြီးသော သင်ခန်းစာတစ်ခုဖြစ်သည်။ ပြည်သူများကို အမှိုက်မီးမရှို့ရန် အသိပညာပေးခြင်းနှင့်အတူ အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးရန်လည်း လိုအပ်ပါသည်။ သို့ရာတွင် အဆိုပါ သုတေသနသည် လူဦးရေ ၂၀၀ ကိုသာ လေ့လာထားခြင်းဖြစ်သဖြင့် မြို့သူမြို့သားအားလုံး၏ အလေ့အထကို ကိုယ်စားပြုသည်ဟု မဆိုနိုင်သကဲ့သို့ မြို့၏ လက်ရှိလေထုညစ်ညမ်းမှုပမာဏကိုလည်း ဖော်ပြခြင်းမဟုတ်ပါ။

အမှိုက်မီးရှို့ရာမှ ထွက်လာသော မီးခိုးများကို ရှူရှိုက်မိခြင်းသည် လူတစ်ဦးချင်းစီ၏ အသက်အရွယ်၊ ကျန်းမာရေးအခြေအနေ၊ ထိတွေ့ရသည့် မီးခိုးပမာဏနှင့် ထိတွေ့ချိန်တို့အပေါ်မူတည်၍ ကွဲပြားသော သက်ရောက်မှုများ ဖြစ်စေနိုင်ပါသည်။

ကလေးများ၏ အသက်ရှူလမ်းကြောင်းသည် ဖွံ့ဖြိုးဆဲဖြစ်သောကြောင့် လေထုညစ်ညမ်းမှုကြောင့် ချောင်းဆိုးခြင်း၊ အသက်ရှူလမ်းကြောင်း ယားယံခြင်းနှင့်

စာမျက်နှာ ၇ သို့ ❐



> **"အမှိုက်မီးရှို့ခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုများသည် ချက်ချင်းပေါ်လာသည့် လက္ခဏာများနှင့်သာမကန့်သတ်ထားပါ။ အချို့သော ညစ်ညမ်းပစ္စည်းများကို အချိန်ကြာမြင့်စွာ ထိတွေ့ရခြင်းသည် ရေရှည် ကျန်းမာရေးအန္တရာယ်များနှင့် ဆက်စပ်နိုင်သည်။ ထို့ကြောင့် မီးခိုးထွက်လာမှသာ အန္တရာယ်ရှိသည်ဟု သတိပြုခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပိုမို ထိရောက်အကျိုးရှိမည်"**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) အစည်းအဝေးခန်းမ-၂၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဗဟိုလုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ယနေ့အစည်းအဝေးသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဒုတိယအကြိမ် ကျင်းပပြုလုပ်သည့် အစည်းအဝေးဖြစ်ပြီး ပထမအကြိမ်ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အဖွဲ့ဝင်များအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် အချက်များကို ပွင့်လင်းစွာ တင်ပြဆွေးနွေးကြရန် လိုကြောင်း၊ မိမိတို့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ချက်ထားပြီး အမြဲမပြတ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီးကို မြင့်မားလာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်စေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက အထူးစီးပွားရေးဇုန်များသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်လုပ်ငန်းများ ဖြစ်ပါကြောင်း၊ ပြည်သူများ အလုပ်အကိုင်ရရှိစေရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားပြီး ပြည်ပပို့ကုန်တိုးတက်စေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရေးနှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေရေးအတွက် အထူးစီးပွားရေးဇုန်များကို အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ရန် အရေးကြီးပါကြောင်း မှာကြားသည်။

ထို့ပြင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို တင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မူဆယ်မြို့၌ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြော

မူဆယ် နိုဝင်ဘာ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် အယ်လ်နီညို ဖြစ်စဉ်နှင့် လိုက်လျောညီထွေစွာ နေနိုင်ရေး၊ ရေချွေတာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မူဆယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ ဟောပြောပွဲတွင် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖြိုးဝေအောင်က လက်ရှိ အယ်လ်နီညို ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်များ၊ ရေသယ်ဇာတများနှင့် ရေကို ချွေတာသုံးစွဲရေး၊ Fire Hotspots နှင့် မီးခိုးမြူငွေ့များ တားဆီးကာကွယ်ရေးနှင့်ကျန်းမာရေးအပေါ် သက်ရောက်မှုများ အကြောင်းကို ဟောပြောသည်။



ဆွေးနွေး

ထို့နောက် တောအုပ်ကြီးဦးစောအေးထွန်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ သစ်တောသစ်ပင်များကို စိုက်ပျိုးပြုပြင်ထိန်းသိမ်းခြင်းနှင့် သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးများ၊ သစ်တောဦးစီးဌာနနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော သစ်တောလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေးနှင့် သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

စစ်ကိုင်းမြို့နယ်လူမှုဖူလုံရေးရုံးမှ အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့်ထုတ်ပေး



စစ်ကိုင်း နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျိုးဝင် မှတ်ပုံတင်ထားသော OK ပလတ်စတစ်စက်ရုံအလုပ်ဌာနမှ အာမခံအလုပ်သမား ဒေါ်မျိုးသန္တာဌေး၏ အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့်ထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းမြို့နယ် လူမှုဖူလုံရေး(ယာယီ)ရုံး၌ ကျင်းပသည်။

ထုတ်ပေး

အခမ်းအနားတွင် မြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်လှိုင်ရွှေစင်ထွန်းက အာမခံအလုပ်သမား ဒေါ်မျိုးသန္တာဌေး၏ အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၂၉၆၃၅၂၀ ကို ကာယကံရှင် ဖြစ်သူအား OKပလတ်စတစ်စက်ရုံ အလုပ်ဌာနတာဝန်ခံ ရှေ့မောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

❐ စာမျက်နှာ ၆ မှ

အသက်ရှူရခက်ခဲခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ကျောင်းများ၊ ကစားကွင်းများနှင့် လူနေအိမ်များအနီး အမှိုက်မီးရှို့ခြင်းကို ရှောင်ကြဉ်သင့်သည်။

အသက်အရွယ်ကြီးရင့်သူ၊ ပန်းနာရင်ကျပ်၊ နာတာရှည်အဆုတ်ရောဂါ သို့မဟုတ် နှလုံးသွေးကြောဆိုင်ရာ ရောဂါများရှိသူများသည် မီးခိုးနှင့် လေထုညစ်ညမ်းမှုကြောင့် ရောဂါလက္ခဏာများ ပိုမိုဆိုးရွားလာနိုင်သည်။

လေထုညစ်ညမ်းမှုကို အချိန်ကြာမြင့်စွာထိတွေ့ရခြင်းသည် ကိုယ်ဝန်ဆောင် မိခင်များနှင့် သန္ဓေသား၏ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာဖြစ်ပါသည်။ ထို့ကြောင့် အမှိုက်မီးရှို့ရာမှ ထွက်လာသော မီးခိုးများကို ရှုရှိုက်ရသည့်အခြေအနေများကို လျှော့ချရန် လိုအပ်သည်။

အမှိုက်မီးရှို့ရာနေရာအနီးတွင် နေထိုင်သူများသည် အခြားသူများထက် မီးခိုးနှင့် ပိုမိုနီးကပ်စွာ ထိတွေ့ရနိုင်သည်။ မီးခိုးကြောင့် မျက်စိစပ်ခြင်း၊ နှာခေါင်းနှင့် လည်ချောင်းယားယံခြင်း၊ ချောင်းဆိုးခြင်းနှင့် ခေါင်းမူးခေါင်းကိုက်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

အမှိုက်မီးရှို့ခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုများသည် ချက်ချင်းပေါ်လာသည့် လက္ခဏာများနှင့်သာ မကန့်သတ်ထားပါ။ အချို့သော ညစ်ညမ်းပစ္စည်းများကို အချိန်ကြာမြင့်စွာ ထိတွေ့ရခြင်းသည် ရေရှည်ကျန်းမာရေးအန္တရာယ်များနှင့် ဆက်စပ်နိုင်သည်။ ထို့ကြောင့် မီးခိုးထွက်လာမှသာ အန္တရာယ်ရှိသည်ဟု သတိပြုခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပိုမိုထိရောက်အကျိုးရှိမည်ဖြစ်ပါသည်။

သန့်ရှင်းသော မြို့တစ်မြို့ဆိုသည်မှာ လမ်းများနှင့် အမှိုက်ပုံများ သန့်ရှင်းနေခြင်း တစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ပါ။ ပြည်သူများ နေ့စဉ်ရှုမြင်နေရသော လေထုသန့်ရှင်းမှု၊ သောက်သုံးနေရသော ရေအရည်အသွေးနှင့် နေထိုင်ရာပတ်ဝန်းကျင်၏ ဘေးကင်းလုံခြုံမှုတို့လည်း ပါဝင်ပါသည်။ အမှိုက်များကို မီးရှို့လိုက်ခြင်းဖြင့် မျက်စိစရှေ့မှ အမှိုက်များ ပျောက်ကွယ်သွားနိုင်သော်လည်း မီးခိုးနှင့်အတူ ထွက်ပေါ်လာသော အန္တရာယ်ရှိသည့် အမှုန်အမွှားများနှင့် ဓာတ်ငွေ့များသည် ကျွန်ုပ်တို့ရှုရှိုက်နေရသော လေထုအတွင်းသို့ ရောက်ရှိသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အမှိုက်ကိုမီးရှို့ခြင်းသည် ပြဿနာကို အမှန်တကယ်ဖြေရှင်းခြင်းမဟုတ်ဘဲ ပုံစံတစ်မျိုးဖြင့် လွှဲနှစ်စွာမှ မလိုလားအပ်သော ပြဿနာတစ်ခုပြောင်းလဲဖြစ်ပေါ်စေခြင်းဟု နားလည်ရပါသည်။

သန့်ရှင်းသာယာပြီး ကျန်းမာရေးနှင့်ညီညွတ်သော မြို့တစ်မြို့အဖြစ် ထိန်းသိမ်းရန်အတွက် အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်း၊ အမှိုက်မီးရှို့ခြင်းကို ရှောင်ကြဉ်ခြင်းနှင့် သက်ဆိုင်ရာအဖွဲ့ အစည်းများ၏ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန် လုပ်ဆောင်နိုင်ရေး အတွက် ပြည်သူလူထုကို အသိပညာပေးခြင်း၊ လိုအပ်သောဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ တားမြစ်အရေးယူခြင်းတို့သည် အရေးကြီးလှပါသည်။

သန့်ရှင်းသာယာသော မြို့တစ်မြို့ဖြစ်ရန်အတွက် လမ်းများ၊ ရပ်ကွက်များနှင့် အများပြည်သူဆိုင်ရာနေရာများတွင် အမှိုက်ကင်းစင်နေရုံသာမက ပြည်သူများ နေ့စဉ်ရှုမြင်နေရသော လေထုသည်လည်း သန့်ရှင်းနေရန် လိုအပ်ပါသည်။ လေထုသန့်ရှင်းမှုသည် လူတို့၏ ကျန်းမာရေး၊ လူနေမှုဘဝအရည်အသွေးနှင့် သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေးတို့အတွက် အခြေခံကျသော အချက်တစ်ရပ်ဖြစ်ပါသည်။ အနာဂတ်မြို့နေလူထုကျန်းမာပျော်ရွှင်ရေးအတွက် အားလုံးကအစ အမှိုက်မီးရှို့မှုကိုရှောင်ရှားကြပါစို့ဟု အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

ကိုးကားချက်။ **A Study on Solid Waste Management of Local Residents in Myitkyina (2024), Open Waste Burning: Sectoral Solutions for Air Pollution and Health (2025), Myanmar Digital News: Smoke and Haze Pollution—Dangers, Causes, and Preventive Measures.**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဘားအံမြို့ ယဉ်ကျေးမှုပြတိုက် ကြည့်ရှုစစ်ဆေး

ဘားအံ နိုဝင်ဘာ ၇

ကရင်ပြည်နယ်ဟိုတယ်၊ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနရုံးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုံးအသစ်ဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ဘားအံမြို့ ယဉ်ကျေးမှုပြတိုက်တွင် ပြခန်းပြကွက်များ ခင်းကျင်းထားမှုတစ်ခုချင်းစီကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုပြတိုက် အောက်ထပ်၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းတိုးတက်စေရန်၊ ဖွံ့ဖြိုးစေရန်နှင့် နိုင်ငံအတွက် အထောက်အကူဖြစ်သည့် ဝန်ကြီးဌာနဖြစ်ရေး ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်မပျောက်ပျက်အောင် ဆောင်ရွက်ရန်၊ သက်ဆိုင်ရာပြည်နယ်အစိုးရများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သည် အရေးကြီးသည့်ကဏ္ဍဖြစ်သည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်များကို UNESCO သို့ တင်သွင်းနိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များ စုဆောင်းရန်၊ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များကို အခြေပြု၍ ခရီးသွားလာမှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးသွင်အောင် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၇

အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရရှိသည့် ဘဏ္ဍာရန်ပုံငွေနှင့် ရန်ပုံငွေ အသုံးပြုခဲ့မှုတို့ကို တစ်ခုချင်းစီအလိုက် ပြန်လည်စိစစ်သုံးသပ်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခုချင်းစီအလိုက် ရရှိလာသည့် ဘဏ္ဍာငွေများကို အသေးစိတ်စိစစ်၍ လေလွင့်ဆုံးရှုံးမှုများ မရှိစေရေးနှင့် အကျိုးရှိထိရောက်စွာ သုံးစွဲရန်လိုကြောင်း၊ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ (HRPS) ကို ပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအား သတ်မှတ်အချိန်ဇယားများအတိုင်း အောင်မြင်စွာပြီးစီနိုင်ရေးအတွက် မိမိတို့ဘက်က ဖြည့်ဆည်းပေးရမည့် စက်အရန်ပစ္စည်းလိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်က မှာကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) အစည်းအဝေးခန်းမ၌ စက်ရုံမှူးက စွန့်ပစ်အပူသုံး ဓာတ်အားပေးအလုပ်ရုံ (HRPS) လည်ပတ်နိုင်ရေးအတွက် ပြည်ပပညာရှင်များနှင့် ပူးပေါင်း၍ လုပ်ငန်း ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ၂၀၂၆-၂၀၂၇ နှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာတွင် ဒုတိယဝန်ကြီးက ယင်းသို့မှာကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ စွန့်ပစ်အပူသုံး ဓာတ်အားပေးအလုပ်ရုံ (HRPS) သို့ သွားရောက်၍ Generator ၏ ဝင်ရိုးများရှိ စိုထိုင်းဆကို လျှပ်စစ်အပူပေး၍ ဖယ်ရှားရှင်းလင်းနေမှု၊ Turbine & Generator တပ်ဆင်မည့် အောက်ခံနေရာတွင် မြှုပ်နှံမည့် သံမဏိပြားများ တပ်ဆင်ရန် ပြင်ဆင်နေမှု၊ ဘွိုင်လာတွင် အသုံးပြုမည့်ရေရရှိနိုင်ရေး ဓာတုနည်းစဉ်အသုံးပြု ဆောင်ရွက်နေမှု တို့ကို ပြည်ပပညာရှင်များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံတွင် Generator တပ်ဆင်မည့် အောက်ခံရေရာတွင် မြှုပ်နှံမည့်သံမဏိပြားများအား မျက်နှာပြင်ညီညာမှုရှိစေရေး အချောသတ် စက်ခုတ်စားနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် စက်ရုံဧည့်ခန်းမဆောင်၌ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးနှင့် တာဝန်ခံများ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ကြီး (အချိန်ပြည့်)၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံ Tyazhpromexport (TPE) မှ ကိုယ်စားလှယ်၊ Integrated Energo Development Co.,Ltd. (IED Holding) မှ စီမံကိန်းအင်ဂျင်နီယာ၊ စီမံကိန်းမန်နေဂျာတို့နှင့်တွေ့ဆုံ၍ စွန့်ပစ်အပူသုံး ဓာတ်အားပေးအလုပ်ရုံ (HRPS) တွင် အဆင့်လိုက်စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်အခြေအနေ၊ စက်အရန်ပစ္စည်းလိုအပ်ချက်၊ တွေ့ကြုံနိုင်မည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြဝတီမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းကျင်းပ

မြဝတီ နိုဝင်ဘာ ၇

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယမန်နေ့နံနက်ဝိုင်းက ကျင်းပသည်။

စကားဝိုင်းတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ Grade- 12 ကျောင်းသား မောင်ဖြိုးတေဇာက မူးယစ်ဆေးဝါးအရက်၏ဆိုးကျိုးနှင့် အန္တရာယ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade – 10 ကျောင်းသူ မမေသက်ထားက လူငယ်တွေကို ဖျက်ဆီးနေသော ဆေးလိပ်နှင့်အရက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသူ မခြူးမြတ်ကိုကိုက လူငယ်နှင့် စီးကရက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade 11 ကျောင်းသူ မခင်ဘုန်းလတ်က ဆေးခြောက်နှင့် ဘိန်းစာရွက်ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် မြဝတီခရိုင် အမှတ်(၃၂) မူးယစ်ဆေးဝါးတားဆီးကာကွယ်ခိုမိနင်းရေးရဲတပ်ဖွဲ့စုမှ ရဲမှူး နီဝေအောင်ခိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးဆိုင်ရာများကို ပြန်လည်ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းမှုစစ်ဆေး



ကျောက်ပန်းတောင်း နိုဝင်ဘာ ၇

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြ ကျေးရွာထူထောင်ရေး စီမံကိန်းဖြင့် အင်ချောင်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ရှိသူများသည် အင်ချောင်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အင်ချောင်း ကျေးရွာတွင်းလမ်း အရှည် ၄၅၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြ ကျေးရွာထူထောင်ရေး စီမံကိန်းရန်ပုံငွေကျပ် ၂၇ သန်းဖြင့် ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၂၈ ရက်က စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကြေးမုံ

ရွှေဘိုမြို့၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တွဲဖက်အသုံးပြုခြင်းကွင်းသရုပ်ပြ

ရွှေဘို နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ရွှေဘိုမြို့နယ်ရှိ အကျိုးဆောင်တောင်သူများအား မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တွဲဖက်အသုံးပြုခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ရွှေဘိုမြို့နယ် မြို့မအုပ်စု အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျင်းပသည်။



ရှင်းလင်းပြောကြားရာတွင် ဦးစွာ ရွှေဘိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တွဲဖက်အသုံးပြုရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး အကျိုးဆောင် တောင်သူ ၄၈ ဦးအား ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တွဲဖက်အသုံးပြုခြင်းကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အသက်မွေးဝမ်းကျောင်းနှင့် လုပ်ငန်းခွင်အကြို အခြေခံကွန်ပျူတာသင်တန်း(၂/၂၀၂၆) ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၇



မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၊ နေပြည်တော်ကောင်စီလူငယ်ရေးရာ ကော်မတီနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)တို့ ပူးပေါင်းဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်းနှင့် လုပ်ငန်းခွင်အကြို အခြေခံကွန်ပျူတာသင်တန်း(၂/၂၀၂၆) သင်တန်းကို ယမန်နေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၌ ကျင်းပရာ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ်များ၏ ခွန်အား၊ စိတ်အားထက်သန်မှု၊ တီထွင်ဖန်တီးနိုင်သည့်စွမ်းအားနှင့်နည်းပညာကို ကျွမ်းကျင်စွာအသုံးချနိုင်မှုဖြင့် လူ့အဖွဲ့အစည်းကို မြင့်မားအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် အခြေခံအချက်ဖြစ်သည့် ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးချနိုင်မှုဖြစ်ကြောင်း၊ ထို့ကြောင့် ယခုသင်တန်းတွင် ကွန်ပျူတာကို စနစ်တကျအသုံးပြုတတ်စေရန် ကြိုးစားသင်ယူပြီး ကွန်ပျူတာပညာရှင်အဆင့်ရောက်အောင် ကိုယ်ရည်ကိုယ်သွေးတိုးတက်အောင် ဆက်လက်ကြိုးစားတည်ဆောက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက လုပ်ငန်းခွင်အကြို အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခြေခံကွန်ပျူတာသင်တန်းသို့ ကျောင်းနေအရွယ် ကျောင်းပြင်ပရောက် လူငယ်များ၊ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ပြီးမြောက်သည့် လူငယ်များ၊ တက္ကသိုလ်ပညာသင်ကြားပြီး၍ ဘွဲ့ရရှိပြီး လုပ်ငန်းခွင်ဝင်ရောက်ရန် ကြိုတင်ပြင်ဆင်နေသည့် လူငယ်များအပါအဝင် သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၁၆ ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၆ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကျောင်းသား ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၇



ကျောင်းသား ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) ရှိ တပ်မတော်ရေကြောင်းပြတွင်၌ လေ့လာစဉ်။

မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလများတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို သိရှိလေ့လာ မှတ်သားနိုင်စေရန် ပြည်ထောင်စု နယ်မြေ နေပြည်တော် အလင (မင်္ဂလာဇေယျ)၊ အလကခွဲ (ပေါင်းလောင်း)၊ အလကခွဲ (တပ်မတော်)၊ ပညာအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၀ နှင့် အုပ်ချုပ်သူ ဆရာ ဆရာမ ၂၈ ဦး တို့သည်လည်း ယခုနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် နေပြည်တော်ရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြသည်။

“အခု လေ့လာရေးခရီးစဉ်က ကျောင်းသား ကျောင်းသူတွေ အတွက် အသိပညာ၊ ဗဟုသုတတွေ ရရှိစေတဲ့အပြင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တွေ ပိုမိုဖြစ်ထွန်းလာစေပါတယ်။ နိုင်ငံ့အနာဂတ်ကို ပုံဖော်ထုဆစ်ကြမယ့် ကျောင်းသား ကျောင်းသူ လူငယ်တွေအနေနဲ့ မြန်မာနိုင်ငံ့လွတ်လပ်ရေးရအောင် တိုက်ပွဲဝင်ခဲ့ကြတဲ့ သမိုင်းကြောင်းတွေကနေ စပြီး ဒီနေ့အချိန်အခါမှာ နိုင်ငံ့ခေါင်းဆောင်တွေ၊ တာဝန်ရှိသူတွေအနေနဲ့ အကောင်းဆုံးကြိုးစား ဆောင်ရွက်နေတာကို နားလည်သဘောပေါက်စေမှာ ဖြစ်ပါတယ်။ လက်တွေ့မှာလည်း အသိအမြင်ဗဟုသုတတွေ အများကြီးရရှိတဲ့ အတွက် အခုလို ကျောင်းသား ကျောင်းသူတွေ လေ့လာနိုင်အောင် စီမံဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်”ဟု အောင်မြေသာစံမြို့နယ် အမှတ်(၁၄) အထက(ခွဲ)မှ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးမိုးမိုးက ပြောသည်။



ဒေါ်အေးမိုးမိုး



မဆုဝေဖြင်



မောင်နိုင်မင်းဝေ

ထိုသို့လေ့လာရာတွင် ပြတိုက်တာဝန်ရှိသူများက တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ) ပြခန်း များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ပြကွက်များ ခင်းကျင်းပြသထားရှိမှုကို လိုက်လံရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

“ပထမဦးဆုံး အနေနဲ့ တပ်မတော် စစ်သမိုင်းပြတိုက်ကို လေ့လာတဲ့အခါမှာ ရှေးမြန်မာမင်းတွေရဲ့အကြောင်း၊ သူ့ကျွန်မခံဘဲ တွန်းလှန်ခဲ့ကြတဲ့ မျိုးချစ်သူရဲကောင်းတွေအကြောင်း၊ မျိုးချစ်တပ်မတော်သားတွေ အကြောင်းကို စေ့စေ့စုံစုံ လေ့လာသိရှိခွင့်ရတယ်။ အခုလို လေ့လာရေးခရီးစဉ်ကနေ ကျွန်မတို့ ကျောင်းသား လူငယ်တွေအနေနဲ့ သမိုင်းကြောင်းတွေကို လေ့လာသိရှိခွင့်ရခဲ့သလို လက်ရှိမှာလည်း တပ်မတော်အနေနဲ့ နိုင်ငံတော်အတွက် အကောင်းဆုံးကြိုးစားနေတယ်ဆိုတာကို လည်း သိရှိနားလည်ခွင့်ရတယ်။ ဒီလို လေ့လာသိရှိနိုင်အောင် လေ့လာရေးခရီးစဉ် ဆောင်ရွက်ပေးကြတဲ့ ဆရာ ဆရာမတွေ၊ အကြီးအကဲတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့လို ကျောင်းသား လူငယ်တွေအနေနဲ့ ဒီလိုလေ့လာရေးခရီးစဉ်တွေ သွားရောက်လေ့လာမှလည်း အသိအမြင်၊ ဗဟုသုတတွေ တိုးပွားရရှိမှာ ဖြစ်ပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူ မဆုဝေသဇင်က ပြောသည်။

မန္တလေး တိုင်းဒေသကြီးမှ ကျောင်းသား ကျောင်းသူ လေ့လာရေးအဖွဲ့များသည် National Landmark အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ မြန်မာနိုင်ငံအတွင်း ထင်ရှားသောသမိုင်းဝင်အဆောက်အအုံများ၊ တန်ခိုးကြီးဘုရားစေတီပုထိုးများ ပုံစံငယ်တည်ဆောက်ထားရှိမှု၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆောက်အအုံများ၊ အပန်းဖြေစရာနေရာများနှင့် သဘာဝအခြေခံအော်ဂဲနစ်စိုက်ခင်းများကို လေ့လာကြည့်ရှုကြသည်။

“တခြားကျောင်းက ကျောင်းသား ကျောင်းသူတွေနဲ့လည်း တွေ့ဆုံခင်မင်ခွင့်ရတယ်။ အတွေ့အကြုံသစ်၊ ဗဟုသုတသစ်တွေ ရပါတယ်။ ဒီနေ့လေ့လာတဲ့ စစ်သမိုင်းပြတိုက်ဆိုတာ ကျွန်တော်တို့လို လူငယ်တွေ နိုင်ငံရဲ့ သမိုင်းကြောင်းတွေကို သိရှိဖို့ လေ့လာသင့်တဲ့ နေရာတစ်ခုပါ။ ဒီမှာ လေ့လာသိရှိခဲ့တဲ့အကြောင်းအရာတွေကို ကိုယ့်နေရပ်ကို ပြန်ရောက်ရင် သူငယ်ချင်းတွေကို ပြန်ပြီး မျှဝေပေးမှာပါ။ ကျောင်းသား ကျောင်းသူတွေအတွက် အခုလို မျိုး လေ့လာရေးခရီးစဉ်တွေ အမှန်တကယ်လိုအပ်ပါတယ်။ အခုလို လေ့လာရေးခရီးစဉ်တွေ ဖန်တီးပေးတဲ့နိုင်ငံတော်အကြီးအကဲတွေ၊ တာဝန်ရှိသူတွေနဲ့ ဆရာ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်”ဟု အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားမောင်နိုင်မင်းဝေက ပြောသည်။

အဆိုပါကျောင်းသား ကျောင်းသူများသည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြမည်ဖြစ်ပြီး ရေပန်းဥယျာဉ်၊ အမျိုးသားပြတိုက်တို့ကိုလည်း လေ့လာရေးသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

သန်းတင်အောင်၊ နိုင်ဝင်း

ရေနံချောင်းမြို့၌ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

ရေနံချောင်း နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဒေသခံတောင်သူများ ဆောင်းသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာနိုဝင်ဘာ ၃ ရက်ကဖောင်းကတောကျေးရွာအုပ်စုမှ တောင်သူ ၃၄ ဦးအား စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၂၂၂ ဒသမ ၅၀ ကို ထုတ်ချေးပေးခဲ့ကြောင်းနှင့် ကျန်ရှိသည့်ကျေးရွာအုပ်စုများကိုလည်း သတ်မှတ်ကာလအတွင်း ဆက်လက်ထုတ်ချေးသွားမည်ဖြစ်သည်။

ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးသန့်ဇင်ဦးက တောင်သူများ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးသွင်းအားစုများ၊ စိုက်ပျိုးကုန်ကျစရိတ်များတွင် အသုံးပြုရန်နှင့် လယ်ယာမြေများတွင် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် အတွက် နိုင်ငံတော်အနေဖြင့် အတိုးနှုန်းသက်သာစွာထုတ်ချေးပေးခြင်းဖြစ်ပြီး တောင်သူများအနေဖြင့် အကျိုးရှိစွာ အသုံးချစေလိုကြောင်းနှင့် ချေးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပြေကျေစွာ ပြန်လည်ပေးဆပ်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)



အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်

(ယမန်နေ့မှအဆက်)

ပုံစံ(၁)

[၃]"လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

---------- ခုနှစ်၊ ---------- ရွေးကောက်ပွဲ

[နည်းဥပဒေ ၄]

----------တိုင်းဒေသကြီး/ပြည်နယ် ----------မြို့နယ်

မဲဆန္ဒရှင်ပေါင်း ( )ဦး၊ ကျား ( )ဦး ၊ မ ( )ဦး၊ ----------ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ် ( )

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	နိုင်ငံသားစိစစ်ရေးကတ်/မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်မွေ့		
								ပြည်သူ့လွှတ်တော်	အမျိုးသားလွှတ်တော်	တိုင်း/ပြည်နယ်လွှတ်တော်
၁	၂	၃	၄	၅	၆	၇	၈	၉		

ဥက္ကဋ္ဌ

ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။ ။ ရှင်းလင်းချက်များကို ကျောဘက်တွင်ဖော်ပြထားပါသည်။

အတွင်းရေးမှူး

ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ"

---

[၃] တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ရှင်းလင်းချက်။ (၁) စာတိုင်(၂)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာအက္ခရာဖြင့် ထည့်သွင်းရာ၌ တိကျမှုမရှိလျှင် "အင်္ဂလိပ်အက္ခရာ" ဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင်(၄)တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ မွေးဖွားသည့် ရက် ၊ လ ၊ ခုနှစ်တို့ကို မြန်မာ (သို့မဟုတ်) အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင်(၅)တွင် နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားလက်မှတ်အမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရ လက်မှတ်အမှတ်တို့ကို ဖော်ပြရန်ဖြစ်ပါသည်။

(၄) စာတိုင်(၈)တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြားစသည်ဖြင့် ပြည့်စုံစွာ ဖော်ပြရန်ဖြစ်ပါသည်။

(၅) အမည်များကို ဖော်ပြရာ၌ ဦး / ဒေါ် ဖြင့်သာ ဖော်ပြရန်ဖြစ်ပါသည်။

ပုံစံ (၃-က)

လွှတ်တော်ရွေးကောက်ပွဲများ

မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွာ

[နည်းဥပဒေ ၁၀ (က)]

သို့

ဥက္ကဋ္ဌ

---------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

---------- မြို့

မှတစ်ဆင့်

ဥက္ကဋ္ဌ

----------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

(၁) တောင်းဆိုသူအမည် ----------

(၂) ကျား/မ ----------

(၃) မွေးသက္ကရာဇ် ---------- အသက်( )

(၄) မှတ်ပုံတင်အမှတ် ----------

[၃]"(၅) လူမျိုး ----------"

(၆) အဘအမည် ----------

(၇) အမိအမည် ----------

(၈) လက်ရှိနေရပ်လိပ်စာ ----------

---

(၉) အလုပ်အကိုင် ----------

(၁၀) လက်ရှိလုပ်ကိုင်နေသော ---------- ကုမ္ပဏီ/လုပ်ငန်း အမည်

(၁၁) အမြဲတမ်းနေရပ်လိပ်စာ ----------

---

(၁၂) အမြဲတမ်းနေရပ်၏ ---------- ရပ်ကွက်/ကျေးရွာအုပ်စုအမည် ----------

(၁၃) အမြဲတမ်းနေရပ်၏မြို့နယ်အမည် ----------

(၁၄) အမြဲတမ်းနေရပ်၏မြို့နယ်အမည် ----------

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ် အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

---

---

[၃] တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ဝန်ခံချက်

အထက်ပါအချက်များအားလုံး မှန်ကန်ပါသည်။ တောင်းဆိုသူသည် လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ပြီး မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှ ပါဝင်ရန် တောင်းဆိုထားခြင်းမရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်

လက်ဝဲလက်မလက်မွေ့

ရက်စွဲ၊ ----------

လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် ----------သည် မိမိတို့ ဌာန/ ကုမ္ပဏီ/လုပ်ငန်းတွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

ဌာနတာဝန်ခံ သို့မဟုတ်

လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ ----------

မှတ်ချက်။ ။ အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/ လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်

လျှောက်ထားသူ ဦး/ဒေါ် ----------သည် ----------ဌာန/ ကုမ္ပဏီ/လုပ်ငန်းတွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း အလုပ်လုပ်ကိုင်လျက်ရှိကြောင်း/ လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး

----------ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ ----------

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

ပုံစံ (၄)

လွှတ်တော်ရွေးကောက်ပွဲများ
မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာ
[နည်းဥပဒေ ၁၁ (က)၊ ၁၄(ဂ)(ဃ)]

သို့

ဥက္ကဋ္ဌ
----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
---------- မြို့
မှတစ်ဆင့်
ဥက္ကဋ္ဌ
---------- ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ
ကန့်ကွက်လိုသောမဲစာရင်း
----------ရပ်ကွက်/ကျေးရွာအုပ်စု
မဲစာရင်းပါအမှတ်စဉ် ----------
ကန့်ကွက်လိုသောမဲဆန္ဒရှင်အမည် ----------
(၃)"နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------"

ကန့်ကွက်ရသော အကြောင်းရင်း----------
ကျွန်ုပ်သည် ဤကန့်ကွက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် အသိသက်သေများကို အထောက်အထားအဖြစ် တင်ပြပါသည် -
----
ဤကန့်ကွက်လွှာပါ အကြောင်းအရာများကို ကျွန်ုပ်ကိုယ်တိုင် သိ/ ကြားသမျှ ဟုတ်မှန်ကြောင်း ဝန်ခံပါသည်။
ကန့်ကွက်သူအမည် ----------
ကန့်ကွက်သူ၏ရပ်ကွက်/ကျေးရွာအုပ်စု ----------
ကန့်ကွက်သူ၏မဲစာရင်းပါအမှတ်စဉ် ----------
ကန့်ကွက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------

ကန့်ကွက်သူ၏လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်မွေ့
ရက်စွဲ၊ ----------

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ပုံစံ (၆-ဂ)

(၃)**"အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ**
ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ ပြန်လည်ထုတ်ပေးခြင်း
[နည်းဥပဒေ ၃၇(ခ)]

သို့
----------နိုင်ငံရေးပါတီ
အကြောင်းအရာ။ **ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ ပြန်လည်ထုတ်ပေးခြင်း**

----------တိုင်းဒေသကြီး/ ပြည်နယ် အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြု စနစ်) မဲဆန္ဒနယ်အမှတ်( )တွင် ----------နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် အမည်စာရင်းတင်သွင်းထားသူ ဦး/ဒေါ်----------၏/သည် အမည်စာရင်းတင်သွင်းလွှာသည် အပယ်ခံရခြင်း/ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်ခြင်း/ အမည်စာရင်းတင်သွင်းထားသည့် မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲရွေ့ဆိုင်းထားခြင်း/ အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းခြင်းကြောင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(ခ)အရ ရွေးကောက်ပွဲဝင်ခွင့်အတွက် ပေးသွင်းငွေ - ..... (.....တိတိ)ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် ပြန်လည်ထုတ်ပေးလိုက်ပါသည်။

ရုံးတံဆိပ်

----------ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ
(သို့မဟုတ်)ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသူ

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

သို့

ဥက္ကဋ္ဌ
---------- ကော်မရှင်အဖွဲ့ခွဲ
အကြောင်းအရာ။ **ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ လက်ခံရရှိကြောင်းတင်ပြခြင်း**

---------- နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်/ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ ဦး/ဒေါ်----------၏/သည် အမည်စာရင်းတင်သွင်းလွှာသည် အပယ်ခံရခြင်း/ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်ခြင်း/ အမည်စာရင်းတင်သွင်းထားသည့် မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲရွေ့ဆိုင်းထားခြင်း/ အမည်စာရင်းတင်သွင်းလွှာ ရုပ်သိမ်းခြင်းကြောင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(ခ)အရ ပြန်လည်ထုတ်ပေးသည့် ရွေးကောက်ပွဲဝင်ခွင့်အတွက် ပေးသွင်းငွေ - ..... (.....တိတိ)ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် လက်ခံရရှိပါသည်။

ဦး/ဒေါ် ----------
---------- မဲဆန္ဒနယ်
----------နိုင်ငံရေးပါတီကိုယ်စားလှယ်"

(မလိုအပ်သည်များကိုပယ်ဖျက်ပါရန်)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများထုတ်ပြန်

(ယမန်နေ့မှအဆက်) ပုံစံ(၁)

(၃)**"လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း**
---------- **ခုနှစ်၊ ---------- ရွေးကောက်ပွဲ**
[နည်းဥပဒေ ၄ (က)]

----------တိုင်းဒေသကြီး/ပြည်နယ်
မဲဆန္ဒရှင်ပေါင်း ( )ဦး၊ ကျား ( )ဦး ၊ မ ( )ဦး၊

----------မြို့နယ်
----------ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ်( )

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်မွေ့		
								ပြည်သူ့လွှတ်တော်	အမျိုးသားလွှတ်တော်	တိုင်း/ပြည်နယ်လွှတ်တော်
၁	၂	၃	၄	၅	၆	၇	၈	၉		

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။ ရှင်းလင်းချက်များကို ကျောဘက်တွင်ဖော်ပြထားပါသည်။

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ"

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

☆ စာမျက်နှာ ၁၁ မှ

ရှင်းလင်းချက်။

(၁) စာတိုင်(၂)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာအက္ခရာဖြင့် ထည့်သွင်းရာ၌ တိကျမှုမရှိလျှင် "အင်္ဂလိပ်အက္ခရာ" ဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင်(၄)တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ မွေးဖွားသည့် ရက် ၊ လ ၊ ခုနှစ် တို့ကို မြန်မာ (သို့မဟုတ်) အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၃) စာတိုင်(၅)တွင် နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားလက်မှတ်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန်ဖြစ်ပါသည်။

(၄) စာတိုင်(၈)တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြားစသည်ဖြင့် ပြည့်စုံစွာ ဖော်ပြရန်ဖြစ်ပါသည်။

(၅) အမည်များကို ဖော်ပြရာ၌ ဦး / ဒေါ် ဖြင့်သာ ဖော်ပြရန်ဖြစ်ပါသည်။

ပုံစံ (၃-က)

လွှတ်တော်ရွေးကောက်ပွဲများ
မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွှာ

[နည်းဥပဒေ ၁၀ (က)]

သို့

ဥက္ကဋ္ဌ

----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

---------- မြို့

မှတစ်ဆင့်

ဥက္ကဋ္ဌ

----------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

(၁) တောင်းဆိုသူအမည် ----------

(၂) ကျား/မ ----------

(၃) မွေးသက္ကရာဇ် ---------- အသက်( )

(၄) မှတ်ပုံတင်အမှတ် ----------

(၃)"(၅) လူမျိုး ----------"

(၆) အဘအမည် ----------

(၇) အမိအမည် ----------

(၈) လက်ရှိနေရပ်လိပ်စာ ----------

---

(၉) အလုပ်အကိုင် ----------

(၁၀) လက်ရှိလုပ်ကိုင်နေသော ----------
ကုမ္ပဏီ/လုပ်ငန်း အမည်

(၁၁) အမြဲတမ်းနေရပ်လိပ်စာ ----------

---

(၁၂) အမြဲတမ်းနေရပ်၏ ----------
ရပ်ကွက်/ကျေးရွာအုပ်စုအမည် ----------

(၁၃) အမြဲတမ်းနေရပ်၏မြို့အမည် ----------

(၁၄) အမြဲတမ်းနေရပ်၏မြို့နယ်အမည် ----------

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ် အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

---

---

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ဝန်ခံချက်

အထက်ပါအချက်များအားလုံး မှန်ကန်ပါသည်။ တောင်းဆိုသူသည် လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ပြီး မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------

လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် ----------သည် မိမိတို့ ဌာန/ ကုမ္ပဏီ/ လုပ်ငန်းတွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

ဌာနတာဝန်ခံ သို့မဟုတ်
လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ ----------

မှတ်ချက်။ အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/ လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်

လျှောက်ထားသူ ဦး/ဒေါ် ----------သည် ----------ဌာန/ ကုမ္ပဏီ/ လုပ်ငန်းတွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း အလုပ်လုပ်ကိုင်လျက်ရှိကြောင်း/ လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
----------ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ ----------

ပုံစံ (၄)

လွှတ်တော်ရွေးကောက်ပွဲများ
မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာ

[နည်းဥပဒေ ၁၁ (က)၊ ၁၄(ဂ)(ဃ)]

သို့

ဥက္ကဋ္ဌ

----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

---------- မြို့

မှတစ်ဆင့်

ဥက္ကဋ္ဌ

---------- ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ကန့်ကွက်လိုသောမဲစာရင်း

----------ရပ်ကွက်/ကျေးရွာအုပ်စု

မဲစာရင်းပါအမှတ်စဉ် ----------

ကန့်ကွက်လိုသောမဲဆန္ဒရှင်အမည် ----------

(၃)"နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------"

ကန့်ကွက်ရသော အကြောင်းရင်း----------

ကျွန်ုပ်သည် ဤကန့်ကွက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် အသိသက်သေများကို အထောက်အထားအဖြစ် တင်ပြပါသည် -

---

ဤကန့်ကွက်လွှာပါ အကြောင်းအရာများကို ကျွန်ုပ်ကိုယ်တိုင် သိ/ ကြားသမျှ ဟုတ်မှန်ကြောင်း ဝန်ခံပါသည်။

ကန့်ကွက်သူအမည် ----------

ကန့်ကွက်သူ၏ရပ်ကွက်/ကျေးရွာအုပ်စု ----------

ကန့်ကွက်သူ၏မဲစာရင်းပါအမှတ်စဉ် ----------

ကန့်ကွက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------

ကန့်ကွက်သူ၏လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ပုံစံ (၆-ဂ)

(၃)"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ ပြန်လည်ထုတ်ပေးခြင်း

[နည်းဥပဒေ ၃၇(ခ)]

သို့

----------နိုင်ငံရေးပါတီ

အကြောင်းအရာ။ **ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ ပြန်လည်ထုတ်ပေးခြင်း**

----------တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( )တွင် ----------နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ ဦး/ဒေါ်----------၏/သည် အမည်စာရင်းတင်သွင်းလွှာသည် အပယ်ခံရခြင်း/ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်ခြင်း/ အမည်စာရင်း တင်သွင်းထားသည့် မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းထားခြင်း/ အမည်စာရင်းတင်သွင်းလွှာ ရုပ်သိမ်းခြင်းကြောင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(ခ) အရ ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ - ----------/ (----------တိတိ)ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် ပြန်လည်ထုတ်ပေးလိုက်ပါသည်။

ရုံးတံဆိပ်

----------ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ
(သို့မဟုတ်)ဥက္ကဋ္ဌကတာဝန်လွှဲအပ်ထားသူ

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

စာမျက်နှာ ၁၃ သို့ ☆

☆ စာမျက်နှာ ၁၂ မှ

သို့

ဥက္ကဋ္ဌ

---------- ကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ **ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ လက်ခံရရှိကြောင်းတင်ပြခြင်း**

---------- နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်/ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ ဦး/ဒေါ်---------- ၏/သည် အမည်စာရင်းတင်သွင်းလွှာသည် အပယ်ခံရခြင်း/ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်ခြင်း/ အမည်စာရင်းတင်သွင်းထားသည့် မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲ ရွေ့ဆိုင်းထားခြင်း/ အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းခြင်းကြောင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(ခ)အရ ပြန်လည်ထုတ်ပေးသည့် ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ - ----------/ (----------တိတိ) ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် လက်ခံရရှိပါသည်။

ဦး/ဒေါ် ----------

---------- မဲဆန္ဒနယ်

----------နိုင်ငံရေးပါတီကိုယ်စားလှယ်”

(မလိုအပ်သည်များကိုပယ်ဖျက်ပါရန်)

ပုံစံ (၁၇-၁)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် (နိုင်ငံပြင်ပ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပေးပို့ထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအရ
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးလွှတ်တော်/ကိုယ်စားလှယ်လောင်းများရရှိသောဆန္ဒမဲစာရင်း

[နည်းဥပဒေ ၉၂(က)(၁)]

----------တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်

----------တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ

စဉ်	လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်	(၃)“ကိုယ်စားပြုသော ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ”	ရရှိသောဆန္ဒမဲအရေအတွက်		မှတ်ချက်
			ဂဏန်းဖြင့်	စာဖြင့်	
					၁။ ထုတ်ပေးသည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၂။ လက်ခံရရှိသည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၃။ ရေတွက်သည့် ခိုင်လုံ ကြိုတင်ဆန္ဒမဲလက်မှတ် =
					၄။ ပယ်သည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၅။ ပြန်လည်မရရှိသောကြိုတင်ဆန္ဒမဲလက်မှတ် =
					၁=၂+၅ ၂ = ၃+၄

ဤကြိုတင်ဆန္ဒမဲလက်မှတ်များကို ၂၀ ခုနှစ်၊ လ ရက်နေ့ နာရီအချိန်တွင် ဖွင့်လှစ်ရေတွက်ပါသည်။

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်များလက်မှတ်နှင့်အမည်	အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်	တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ လက်မှတ်နှင့်အမည်
၁။ ----------	၁။ ----------	၁။ ဥက္ကဋ္ဌ----------
၂။ ----------	၂။ ----------	၂။ အတွင်းရေးမှူး----------
၃။ ----------	၃။ ----------	၃။ အဖွဲ့ဝင်----------
၄။ ----------	၄။ ----------	၄။ အဖွဲ့ဝင်----------

ရက်စွဲ ၊ ----------

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

---

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ပုံစံ {၁၇(က-၁)}

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် (ပြည်တွင်း) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပေးပို့ထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအရ
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးလွှတ်တော်/ကိုယ်စားလှယ်လောင်းများ ရရှိသောဆန္ဒမဲစာရင်း

[နည်းဥပဒေ ၉၂(ခ)(၁)]

----------တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ---------- မြို့နယ်

----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

စဉ်	လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်	(၃)“ကိုယ်စားပြုသော ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ”	ရရှိသောဆန္ဒမဲအရေအတွက်		မှတ်ချက်
			ဂဏန်းဖြင့်	စာဖြင့်	
					၁။ ထုတ်ပေးသည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၂။ လက်ခံရရှိသည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၃။ ရေတွက်သည့် ခိုင်လုံ ကြိုတင်ဆန္ဒမဲလက်မှတ် =
					၄။ ပယ်သည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၅။ ပြန်လည်မရရှိသောကြိုတင်ဆန္ဒမဲလက်မှတ် =
					၁=၂+၅ ၂ = ၃+၄

ဤကြိုတင်ဆန္ဒမဲလက်မှတ်များကို ၂၀ ခုနှစ်၊ လ ရက်နေ့ နာရီအချိန်တွင် ဖွင့်လှစ်ရေတွက်ပါသည်။

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်များလက်မှတ်နှင့်အမည်	အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်	မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များလက်မှတ်နှင့်အမည်
၁။ ----------	၁။ ----------	၁။ ဥက္ကဋ္ဌ----------
၂။ ----------	၂။ ----------	၂။ အတွင်းရေးမှူး----------
၃။ ----------	၃။ ----------	၃။ အဖွဲ့ဝင်----------
၄။ ----------	၄။ ----------	၄။ အဖွဲ့ဝင်----------

ရက်စွဲ ၊ ----------

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

---

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

စာမျက်နှာ ၁၄ သို့ ☆

☆ စာမျက်နှာ ၁၃ မှ

ပုံစံ {၁၇(ခ-၁)}

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း

[နည်းဥပဒေ ၅၇ (ခ)၊ ၉၃ (ဖ)]

---------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၊ ---------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ----------မြို့နယ်၊ ----------ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ် ( )
မဲရုံတွင်ဆန္ဒမဲပေးသူဦးရေ - ( ) ဦး

စဉ်	လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်	(၃)"ကိုယ်စားပြုသော ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ"	ရရှိသောဆန္ဒမဲအရေအတွက်				မှတ်ချက်
			ဆန္ဒမဲ လက်မှတ်ဖြင့်	ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့်	စုစုပေါင်း		
					ဂဏန်းဖြင့်	စာဖြင့်	၁။ မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် =
							၂။ မဲပုံးထဲမှထုတ်ယူရရှိသည့်ကြိုတင်ဆန္ဒမဲ လက်မှတ် =
							၃။ ရေတွက်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် ဆန္ဒမဲလက်မှတ်ပေါင်း(ပယ်မဲ၊ပျောက်မဲမပါ) =
							၄။ ပယ်မဲပေါင်း =
							၅။ ပျောက်မဲပေါင်း =
							(၁ + ၂ = ၃ + ၄ + ၅)

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

မဲရုံကိုယ်စားလှယ်များလက်မှတ်နှင့်အမည်
၁။ ----------
၂။ ----------
၃။ ----------
၄။ ----------

အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်
၁။ ----------
၂။ ----------
၃။ ----------
၄။ ----------

မဲရုံမှူး / မဲရုံအဖွဲ့ဝင်များလက်မှတ်နှင့်အမည်
၁။ မဲရုံမှူး ----------
၂။ မဲရုံအဖွဲ့ဝင် ----------
၃။ မဲရုံအဖွဲ့ဝင် ----------
၄။ မဲရုံအဖွဲ့ဝင် ----------

ရက်စွဲ ၊ ----------

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

သက်သေများစာရင်း
၁။ ဦး/ဒေါ် ----------
၂။ ဦး/ဒေါ် ----------
၃။ ဦး/ဒေါ် ----------
၄။ ဦး/ဒေါ် ----------
၅။ ဦး/ဒေါ် ----------
၆။ ဦး/ဒေါ် ----------
၇။ ဦး/ဒေါ် ----------
၈။ ဦး/ဒေါ် ----------
၉။ ဦး/ဒေါ် ----------
၁၀။ ဦး/ဒေါ် ----------

ပုံစံ {၁၇(ခ-၁)}

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း
(အီလက်ထရောနစ်မဲပေးစက်)

[နည်းဥပဒေ ၇၅ (ဈ)]

---------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၊ ---------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ----------မြို့နယ်၊ ----------ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ်( )၊
မဲရုံတွင်ဆန္ဒမဲပေးသူဦးရေ - ( ) ဦး
အသုံးပြုသည့်အီလက်ထရောနစ်မဲပေးစက် - ထိန်းချုပ်စက် (CU)----------၊ ဆန္ဒပြုစက် (BU) ..... ၊ မဲပေးချက်ဖော်ပြသည့်စက်(VU) .....

စဉ်	လွှတ်တော် ကိုယ်စားလှယ် လောင်းအမည်	(၃)"ကိုယ်စားပြုသော ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ"	ရရှိသောဆန္ဒမဲအရေအတွက်				မှတ်ချက်
			အီလက် ထရောနစ် မဲပေးစက်ဖြင့်	ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့်	စုစုပေါင်း		
					ဂဏန်းဖြင့်	စာဖြင့်	၁။ ထိန်းချုပ်စက်တွင်ဖော်ပြသည့် စုစုပေါင်း မဲပေးသည့်အရေအတွက် =
							၂။ မဲပုံးထဲမှထုတ်ယူရရှိသည့်ကြိုတင်ဆန္ဒမဲ လက်မှတ်အရေအတွက် =
							၃။ ရေတွက်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်(ပယ်မဲမပါ) =
							၄။ ရေတွက်သည့်ခိုင်လုံဆန္ဒမဲအရေအတွက်(စက်ဖြင့်) (ကန့်ကွက်ချက်အရ စမ်းသပ်မဲပေးသည့်ပယ်မဲမပါ) =
							၅။ ရေတွက်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်မှ ပယ်မဲ =
							၆။ ကန့်ကွက်ချက်အရစမ်းသပ်မဲပေးသည့် အရေအတွက်/ ပယ်မဲအရေအတွက်(စက်ဖြင့်) =
							(၁ + ၂ = ၃ + ၄ + ၅ + ၆)

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

မဲရုံကိုယ်စားလှယ်များလက်မှတ်နှင့်အမည်
၁။ ----------
၂။ ----------
၃။ ----------
၄။ ----------

အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်
၁။ ----------
၂။ ----------
၃။ ----------
၄။ ----------

မဲရုံမှူး / မဲရုံအဖွဲ့ဝင်များလက်မှတ်နှင့်အမည်
၁။ မဲရုံမှူး----------
၂။ မဲရုံအဖွဲ့ဝင် ----------
၃။ မဲရုံအဖွဲ့ဝင် ----------
၄။ မဲရုံအဖွဲ့ဝင် ----------

ရက်စွဲ/ အချိန်၊ ----------

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

စာမျက်နှာ ၁၅ သို့ ☆

☆ စာမျက်နှာ ၁၄ မှ

သက်သေများစာရင်း

၁။ ဦး/ဒေါ် ----------
၂။ ဦး/ဒေါ် ----------
၃။ ဦး/ဒေါ် ----------
၄။ ဦး/ဒေါ် ----------
၅။ ဦး/ဒေါ် ----------
၆။ ဦး/ဒေါ် ----------
၇။ ဦး/ဒေါ် ----------
၈။ ဦး/ဒေါ် ----------
၉။ ဦး/ဒေါ် ----------
၁၀။ ဦး/ဒေါ် ----------

ပုံစံ {၁၇(ခ-၁)}

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း
(အီလက်ထရောနစ်မဲပေးစက်) (မဲပေးစက်လဲလှယ်အသုံးပြုရသည့်အခြေအနေ)

[နည်းဥပဒေ ၇၅ (ဈ)]

---------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၊ ----------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ----------မြို့နယ်၊ ----------- ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ်( )၊
မဲရုံတွင်ဆန္ဒမဲပေးသူဦးရေ - ( ) ဦး
ချို့ယွင်းသည့်အီလက်ထရောနစ်မဲပေးစက် - ထိန်းချုပ်စက် (CU) .....၊ ဆန္ဒပြုစက် (BU) ..... ၊မဲပေးချက်ဖော်ပြသည့်စက် (VU) .....
လဲလှယ်အသုံးပြုသည့်အီလက်ထရောနစ်မဲပေးစက် - ထိန်းချုပ်စက် (CU) .....၊ ဆန္ဒပြုစက် (BU) ..... ၊မဲပေးချက်ဖော်ပြသည့်စက် (VU) .....

စဉ်	လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်	(၃)"ကိုယ်စားပြုသော ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ"	ရရှိသောဆန္ဒမဲအရေအတွက်					မှတ်ချက်
			ချို့ယွင်းသည့် အီလက်ထရောနစ်မဲပေးစက်ဖြင့်	လဲလှယ်အသုံးပြုသည့် အီလက်ထရောနစ်မဲပေးစက်ဖြင့်	ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်	စုစုပေါင်း		
						ဂဏန်းဖြင့်	စာဖြင့်	၁။ အရန်စက်၏ ထိန်းချုပ်စက်တွင်ဖော်ပြသည့် စုစုပေါင်းမဲပေးသူ =
								၂။ ချို့ယွင်းသည့်မဲပေးစက်၏ မဲပုံးမှထုတ်ယူသည့် ဆန္ဒမဲဖြတ်ပိုင်းအရေအတွက် =
								၃။ ကြိုတင်ဆန္ဒမဲပုံးမှထုတ်ယူရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် အရေအတွက် =
								၄။ ရေတွက်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်(ပယ်မဲမပါ) =
								၅။ ရေတွက်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်မှပယ်မဲ =
								၆။ ရေတွက်သည့်ခိုင်လုံဆန္ဒမဲအရေအတွက် (အရန်စက်ဖြင့်)(ကန့်ကွက်ချက်အရ စမ်းသပ်မဲပေးသည့်ပယ်မဲမပါ)=
								၇။ ရေတွက်သည့်ခိုင်လုံဆန္ဒမဲအရေအတွက်(ချို့ယွင်းသည့်စက်၏ မဲပုံးမှဆန္ဒမဲဖြတ်ပိုင်းဖြင့်) =
								၈။ ကန့်ကွက်ချက်အရစမ်းသပ်မဲပေးသည့် အရေအတွက်/ပယ်မဲအရေအတွက်(စက်ဖြင့်) =
								(၁ + ၂ + ၃ = ၄ + ၅ + ၆ + ၇ + ၈)

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

မဲရုံကိုယ်စားလှယ်များလက်မှတ်နှင့်အမည်	အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်	မဲရုံမှူး / မဲရုံအဖွဲ့ဝင်များလက်မှတ်နှင့်အမည်
၁။ ----------	၁။ ----------	၁။ မဲရုံမှူး ----------
၂။ ----------	၂။ ----------	၂။ မဲရုံအဖွဲ့ဝင် ----------
၃။ ----------	၃။ ----------	၃။ မဲရုံအဖွဲ့ဝင် ----------
၄။ ----------	၄။ ----------	၄။ မဲရုံအဖွဲ့ဝင် ----------

ရက်စွဲ/ အချိန်၊ ----------

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

---

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

သက်သေများစာရင်း

၁။ ဦး/ဒေါ် ----------
၂။ ဦး/ဒေါ် ----------
၃။ ဦး/ဒေါ် ----------
၄။ ဦး/ဒေါ် ----------
၅။ ဦး/ဒေါ် ----------
၆။ ဦး/ဒေါ် ----------
၇။ ဦး/ဒေါ် ----------
၈။ ဦး/ဒေါ် ----------
၉။ ဦး/ဒေါ် ----------
၁၀။ ဦး/ဒေါ် ----------

✪ **M-League ယူ-၂၀မှ**

ယခုပွဲအတွက် အကောင်းဆုံးဆုကို မြဝတီအသင်းမှ တိုးတက်အောင်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် နှစ်သိန်းရရှိသည်။ ပွဲစဉ် (၂၃) ဒုတိယနေ့ကို နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သီဟဒီပကွင်း၌ အား/ကာသိပ်အသင်းနှင့် သစ္စာအားမာန်အသင်း၊ YUSC ကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ချစ်ကိုကို
ဓာတ်ပုံ-MLeague

■

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဇာကျော်၏ ဆီထွက်သီးနှံ နှမ်းနှင့် ပဲပုပ် တိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးမှသည် ပြည်ပတင်ပို့နိုင်ရေး စာတမ်းကောက်နုတ်ချက်

၁။ မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ဆီစားသုံးမှု များပြားလာသကဲ့သို့ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုမှာ လုံလောက်မှုမရှိသဖြင့် ပြည်ပမှ စားအုန်းဆီကို နှစ်စဉ် တင်သွင်းလျက်ရှိပါသည်။ ပြည်တွင်းစားသုံးဆီအဖြစ် ထုတ်လုပ်ရာတွင် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံတို့ကို အဓိကထား၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများမှရရှိသော စားသုံးဆီကို စားသုံးသူအများစု စားသုံးလျက်ရှိပြီး လက်ရှိအချိန်တွင် ပဲပုပ်ဆီကိုလည်း စားသုံးလာကြပါသည်။ ဆီထွက်သီးနှံတစ်မျိုးစီတွင် ပါဝင်သည့် အာဟာရဓာတ်များ မတူညီကြသောကြောင့် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးခြင်းဖြင့် စားသုံးသူများအနေဖြင့်လည်း မိမိတို့ ကြိုက်နှစ်သက်သောဆီကို ရွေးချယ်ဝယ်ယူနိုင်မည့် အခွင့်အလမ်းပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး ပြည်တွင်းစားသုံးဆီဖူလုံမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

၂။ ဆီကြိတ်ပဲပုပ်အပါအဝင် ဆီထွက်သီးနှံများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၉ ဒသမ ၃၉ ဧကသန်း စိုက်ပျိုးခဲ့ပါသည်။ စုစုပေါင်းထွက်ရှိမှုမှ ပြည်တွင်းတွင် မျိုးအဖြစ်ပြန်လည်အသုံးပြုသည့် ပမာဏ၊ စားသုံးမှုပမာဏနှင့် စားသောက်ကုန်ထုတ်လုပ်မှု ပမာဏတို့ကို နှတ်ပယ်ပြီးနောက် ကျန်ရှိသည့် ပမာဏကို ဆီကြိတ်ခွဲသည်ဟုယူဆ၍ တွက်ချက်ရာတွင် ဆီတန်ချိန် တစ်သန်းကျော်ရရှိပါသည်။ လူဦးရေ ၅၁ ဒသမ ၃ သန်းအတွက် တစ်ဦးလျှင် တစ်နှစ် ဆီစားသုံးမှု ခြောက်ပိသာနှုန်းဖြင့်ဆိုတန်ချိန် ငါးသိန်းကျော် လိုအပ်မည်ဖြစ်ပြီး ဆီဖူလုံမှု ၂၀၀ ရာခိုင်နှုန်း ရှိကြောင်း တွက်ချက်ရရှိပါသည်။ တွက်ချက်မှုအရ ဆီဖူလုံမှုရှိသော်လည်း ပြည်တွင်းစားသုံးဆီ စားသုံးရန်နှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စားအုန်းဆီကို နှစ်စဉ် တန်ချိန် ငါးသိန်းမှ ခြောက်သိန်းအထိ တင်သွင်းနေရဆဲဖြစ်ပါသည်။ ထို့ကြောင့် စားအုန်းဆီတင်သွင်းရာ၌ စက်မှုလုပ်ငန်းများတွင် မဖြစ်မနေအသုံးပြုရန် လိုအပ်သော ပမာဏကိုသာ တင်သွင်းပြီး စားသုံးဆီကို ပြည်တွင်းတွင်ထွက်ရှိသည့် ဆီထွက်သီးနှံများမှထွက်ရှိသောဆီကိုသာ စားသုံးနိုင်ကြရန်၊ စားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုရန်နှင့် အစေ့အဆန် ပြည်ပတင်ပို့ရန် အတွက် လုံလောက်မှုရှိစေရန် နှမ်းနှင့် ပဲပုပ် သီးနှံကို တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။

၃။ နှမ်းသီးနှံကို မိုးခေါင်ဒဏ်ခံနိုင်ခြင်း၊ အခြားသီးနှံများနှင့် သီးညှပ်စိုက်ပျိုးနိုင်ခြင်း၊ မိသားစုဆီဖူလုံမှုအတွက် စားသုံးဆီရရှိခြင်း၊ ပြည်ပပို့ကုန် ဈေးကွက်ရှိသဖြင့် ဈေးကောင်းရရှိနိုင်ခြင်းတို့ကြောင့် တောင်သူများ စိုက်ပျိုးကြခြင်းဖြစ်ပါသည်။ နှမ်းစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် အပင်ကျပ်လွန်းခြင်း၊ ကျဲလွန်းခြင်းမဖြစ်စေဘဲ သတ်မှတ် အပင်ဦးရေဝင်အောင် စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို စနစ်တကျ ထည့်သွင်းခြင်း၊ နှမ်းခင်းအတွင်း စုပ်ပိုးကျရောက်မှုကို စနစ်တကျကာကွယ်နိမ်နင်းခြင်းဖြင့် နှမ်းဖို ရောဂါကျရောက်မှုကို နည်းပါးစေခြင်း၊ ရေလိုအပ်ချိန်တွင် ရေပေးသွင်းနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါက နှမ်းသီးနှံအနေဖြင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိနိုင်မည်ဖြစ်ပါသည်။ ပြည်ပသို့ ဆီထွက်သီးနှံများတင်ပို့နိုင်မှုကို လေ့လာရာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၅၅၁၁၉ ဒသမ ၀၅၄ တင်ပို့နိုင်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၁၃-၃-၂၀၂၆ နေ့အထိ တန်ချိန် ၁၁၈၉၁၆ ဒသမ ၅၉၂ တင်ပို့နိုင်ခဲ့ပါသည်။ နှမ်းအထွက်နှုန်းကို လက်ရှိအထွက်နှုန်းဖြစ်သည့် တစ်ဧကာ ၁၀ တင်းနှုန်းထက် ပိုမိုထွက်ရှိအောင်ဆောင်ရွက်နိုင်ပါက ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့ခြင်းများကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

၄။ ပဲပုပ်သီးနှံမှ ပရိတင်းကြွယ်ဝသော သီးနှံဖြစ်ပြီး စားသုံးသူများ၏ ကျန်းမာရေးအတွက် အထောက်အကူပြုသည့် စားသုံးဆီနှင့် တိရစ္ဆာန်အစာစပ်စက်ရုံများမှ လိုအပ်သည့် ပဲပုပ်ကြိတ်ဖတ်ကို ရရှိနိုင်ပါသည်။ ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုရာတွင် ပြည်တွင်းအစာစပ်စက်ရုံများမှ တစ်နှစ်လျှင် ပဲပုပ်ကြိတ်ဖတ်တန်ချိန် ၃ ဒသမ ၇ သိန်းခန့် အသုံးပြုလျက်ရှိပါသည်။ လက်ရှိပြည်တွင်းတွင် စိုက်ပျိုးထွက်ရှိသည့် ပဲပုပ်အားလုံးကို ဆီကြိတ်နိုင်ပါက ကြိတ်ဖတ်တန်ချိန် နှစ်သိန်းကျော်ရရှိနိုင်မည်ဖြစ်ပြီး တစ်ဧကာအထွက်နှုန်းတိုးတက်ရန် ဆောင်ရွက်ခြင်းနှင့် လက်ရှိစိုက်ပျိုးလျက်ရှိသည့် ပဲပုပ်စိုက်ဧရိယာများကို ဆီကြိတ်ပဲပုပ်စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးဆီ ကြိတ်ခွဲခြင်းနှင့် အစာစပ်စက်ရုံများအတွက် ကုန်ကြမ်းရရှိနိုင်မည့်အပြင် ပိုလျှံသည့်ပမာဏကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါသည်။

၅။ ကုန်ချောထုတ်လုပ်သည့်ကဏ္ဍတွင် ဆီစက်လုပ်ငန်းရှင်များနှင့် အစာစပ်လုပ်ငန်းရှင်များ အနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးသူတောင်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဝယ်ယူခြင်းကို ဆောင်ရွက်နိုင်ပါက အရည်အသွေး ပြည့်မီသည့် ကုန်ကြမ်းများကို ဝယ်ယူရရှိနိုင်မည့် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း အရည်အသွေးကောင်းမွန်သည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်မည့် နည်းပညာနှင့် အရင်းအနှီးကို ရရှိနိုင်မည်ဖြစ်ပြီး ထွက်ရှိသည့်သီးနှံအတွက် သေချာသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိနိုင်မည်ဖြစ်ပါသည်။

၆။ နှမ်းနှင့် ပဲပုပ် စိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့ခြင်းဖြင့် ပြည်တွင်းဆီထွက်သီးနှံများ ထုတ်လုပ်မှု တိုးတက်ခြင်း၊ ဆီကြိတ်ခွဲမှုနှင့် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့် ပြည်ပမှ ကြိတ်ဖတ်တင်သွင်းမှုကို အစားထိုးနိုင်ခြင်းနှင့် ပိုလျှံမှုကို ပြည်ပသို့ အစေ့အဆန်နှင့် ကုန်ချောများ ပိုမိုထုတ်လုပ်တင်ပို့နိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

ရည်ရွယ်ချက်

၇။ ဤစာတမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြုစုတင်ပြရခြင်းဖြစ်ပါသည်-

(၁) နှမ်းနှင့်ပဲပုပ် သီးနှံများ၏ လက်ရှိစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်တွင်းဆီဖူလုံမှုအပေါ် အထောက်အကူပြုနိုင်သည့် ပမာဏကို ရှင်းလင်းတင်ပြရန်၊

(၂) နှမ်းနှင့် ပဲပုပ် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် အဟန့်အတားဖြစ်စေသည့် အချက်များကို လေ့လာဖော်ထုတ်ရန်၊

(၃) စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြရန်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နှမ်းနှင့် ပဲပုပ်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဆီဖူလုံမှု

၈။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် မိုး၊ ဆောင်း၊ နွေ သုံးရာသီ စိုက်ပျိုးပြီး စိုက်ဧကာ ၄ ဒသမ ၁ သန်းကျော်၊ ရိတ်သိမ်းဧကာ လေးသန်းကျော်၊ တစ်ဧကာ အထွက်နှုန်း ၁၀ ဒသမ ၂ တင်းနှုန်းဖြင့် တင်းပေါင်း ၄၁ ဒသမ ၅ သန်းကျော် ထွက်ရှိခဲ့ပါသည်။ ပဲပုပ်ကို မိုးနှင့် ဆောင်းတွင် စိုက်ပျိုးပြီး စိုက်ဧကာ လေးသိန်းကျော်၊ ရိတ်ဧကာ လေးသိန်းကျော်၊ တစ်ဧကာအထွက်နှုန်း ၂၀ ဒသမ ၁၃ တင်းနှုန်းဖြင့် တင်းပေါင်း ၈ ဒသမ ၇ သန်း ထွက်ရှိခဲ့ပါသည်။ ဆီကြိတ်ပဲပုပ်အနေဖြင့် မိုးနှင့် ဆောင်းတွင် နှစ်ရာသီစုစုပေါင်း စိုက်ဧကာ ၁ သိန်း ၇ သောင်းကျော်၊ ရိတ်ဧကာ ၁ သိန်း ၇ သောင်းကျော်၊ တစ်ဧကာ အထွက်နှုန်း ၁၇ ဒသမ ၂၈ တင်းနှုန်းဖြင့် တင်းပေါင်း သုံးသန်းကျော်ထွက်ရှိခဲ့ပါသည်။

၉။ လူဦးရေ ၅၁ သန်းကျော်အတွက် လူတစ်ဦးလျှင် တစ်နှစ်စီစားသုံးမှု ခြောက်ပိသာနှုန်းဖြင့် တွက်ချက်ပါက ဆီတန်ချိန်ငါးသိန်းကျော် လိုအပ်မည်ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စိုက်ပျိုးထုတ်လုပ်မှု နှမ်းသီးနှံအနေဖြင့် ဆီဖူလုံမှု ၇၄ ရာခိုင်နှုန်းနှင့် ဆီကြိတ်ပဲပုပ်အနေဖြင့် ဆီဖူလုံမှု သုံးရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ကြောင်း တွက်ချက်ရရှိပါသည်။ ကြိတ်ဖတ်အနေဖြင့် နှမ်းဖတ်တန်ချိန် လေးသိန်းခြောက်သောင်းကျော်နှင့် ပဲပုပ်ဖတ် တန်ချိန် ခုနစ်သောင်းခန့်ထွက်ရှိကြောင်း တွက်ချက် ရရှိပါသည်။

နှမ်းနှင့် ပဲပုပ် တိုးချဲ့ထုတ်လုပ်ရာတွင် ကြုံတွေ့နိုင်သည့် အဟန့်အတားများ

၁၀။ နှမ်းသီးနှံတိုးချဲ့စိုက်ပျိုးရာတွင် အောက်ပါအခက်အခဲများကို ကြုံတွေ့ရနိုင်ပါသည်-

(က) အထွက်ကောင်းမျိုးများကို နှမ်းစိုက်တောင်သူများအားလုံးအတွက် လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ခြင်း၊

(ခ) စနစ်တကျ နှမ်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကို တောင်သူအားလုံးမှ လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း၊

(ဂ) သီးညှပ်စိုက်ပျိုးခြင်း၊ ကြဲပက်စိုက်ပျိုးခြင်းနှင့် နှမ်းမှုန်းရာတွင် စနစ်တကျ မဆောင်ရွက်ခြင်းတို့ကြောင့် နှမ်းသီးနှံ တစ်ဧကာ သတ်မှတ်အပင်ဦးရေ တစ်သိန်းကျော် ဝင်ဆံ့အောင် စိုက်ပျိုးနိုင်မှုမရှိခြင်း သို့မဟုတ် အပင်ကျပ်ခြင်းတို့ကြောင့် အထွက်လျော့နည်းခြင်း၊

(ဃ) စုပ်ပိုးကာကွယ်နိမ်နင်းမှု အားနည်း၍ နှမ်းပွင့်သီးချိန်တွင် နှမ်းဖိုရောဂါ ကျရောက်ခြင်းကြောင့် အထွက်လျော့နည်းခြင်း၊

(င) နှမ်းစိုက်ဧရိယာအများစုသည် မိုးကောင်းသောဒေသများတွင်ဖြစ်၍ နှမ်းသီးနှံ ရေလိုအပ်ချိန်တွင် ဖြည့်စွက်ရေ ပေးသွင်းနိုင်မှုမရှိခြင်းနှင့် ဓာတ်မြေဩဇာ ထည့်သွင်းစိုက်ပျိုးမှုမရှိခြင်း၊

(စ) ပြောင်းလဲလာသည့်ရာသီဥတုအခြေအနေများကြောင့် ပန်းပွင့်ချိန်တွင် မိုးခေါင်ခြင်း၊ မိုးများလွန်းခြင်းနှင့် ရိတ်သိမ်းချိန်တွင် မိုးများခြင်းကြောင့် သီးနှံအထွက် လျော့နည်းခြင်း၊

(ဆ) နှမ်းစိုက်ခင်းများတွင် ရေနုတ်မြောင်း တူးဖော်သည့် အလေ့အထနည်းပါးခြင်း၊ ပေါင်ဖြင့် စိုက်ပျိုးမှုမရှိခြင်းတို့ကြောင့် မိုးများသည့်ဒဏ်ကို ခံနိုင်ရည်နည်းခြင်းနှင့် နှမ်းရိုးမည်းရောဂါကျရောက်ခြင်း၊

(ဇ) စက်မှုလယ်ယာစနစ် ကျင့်သုံးမှုအားနည်းခြင်းနှင့် လုပ်သားရှားပါးခြင်းကြောင့် ရိတ်သိမ်းချိန် လေလွင့်မှုများခြင်း၊

(ဈ) နှမ်းရိတ်ပြီး ပုံထားသည့်အလေ့အထ ကြောင့် နှမ်းအရည်အသွေးကျဆင်းပြီး ဈေးကောင်းမရရှိနိုင်ခြင်း၊

(ည) အထက်ပါအချက်များနှင့်ပတ်သက်၍ တောင်သူများအား ပညာပေးမည့် စိုက်ပျိုးပညာပေး ဝန်ထမ်းအရေအတွက် ကန့်သတ်ချက်ရှိနေခြင်း၊

(ဋ) ကန်ထရိုက်လယ်ယာစနစ် ကျင့်သုံးမှု အားနည်းခြင်း၊

(ဌ) စိုက်ပျိုးထုတ်လုပ်မှုစရိတ် သုံးစွဲမှုကန့်သတ်ချက်များရှိနေခြင်း၊

(ဍ) တောင်သူအများစုမှာ စီးပွားဖြစ်စိုက်ပျိုးခြင်းထက် သွင်းအားစုအနည်းဆုံးဖြင့် မိသားစုဆီဖူလုံမှုအတွက်သာ နှမ်းသီးနှံကို စိုက်ပျိုးကြခြင်းကြောင့် တစ်ဧကာ အထွက်နှုန်းနည်းပါးရခြင်း။

၁၁။ ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးရာတွင် အောက်ပါအဟန့်အတားများကို ကြုံတွေ့ရနိုင်ပါသည်-

(က) ပဲပုပ်သည်အမည်သစ် ဆီထွက်သီးနှံဖြစ်၍ စိုက်ဧရိယာနှင့် အထွက်နှုန်း နှစ်မျိုးလုံး တိုးတက်ရေး ဆောင်ရွက်ရန် လိုအပ်နေသေးခြင်း၊

(ခ) တိုးချဲ့စိုက်ပျိုးလိုသည့် ဆီထွက်ပဲပုပ်မျိုးများ လုံလောက်စွာထုတ်လုပ်ပေးရန် လိုအပ်ခြင်း၊

(ဂ) အရည်အသွေးမြင့်ပြီး အထွက်ကောင်းသော မျိုးစေ့များကို တောင်သူများ အလွယ်တကူ ဝယ်ယူရရှိရန် ခက်ခဲခြင်း၊

(ဃ) တစ်ဧကာအထွက်နှုန်း တိုးတက်ရန် စနစ်တကျ ပဲပုပ်စိုက်ပျိုးနည်းစနစ်များ၊ ပိုးမွှားရောဂါကာကွယ်နိမ်နင်းနည်းများကို တောင်သူများ လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း၊

(င) သွင်းအားစု သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို စနစ်တကျ ထည့်သွင်းရန် လိုအပ်ခြင်း၊

(စ) မိုးပဲပုပ်စိုက်ပျိုးရာတွင် ရိတ်သိမ်းပြီးချိန်၌ အမိုးအကာအောက်တွင် ထားရှိရန် အခက်အခဲရှိခြင်း၊

(ဆ) စိုက်ပျိုးချိန် သို့မဟုတ် ပန်းပွင့်ချိန်တွင် ရေဝပ်ခြင်း၊ မိုးခေါင်ခြင်း၊ မိုးလွန်မှုနှင့် အပူချိန် လွန်ကဲခြင်းတို့ကြောင့် သီးပွင့်မှု နည်းပါးသွားခြင်း၊ ရာသီမရွေး မိုးရွာသွန်းမှုကြောင့် အထွက်နှုန်းနှင့် အရည်အသွေး ကျဆင်းရခြင်း၊

(ဇ) ဆောင်းပဲပုပ်စိုက်ပျိုးရာတွင် ရေလိုအပ်ချိန်၌ ရေပေးသွင်းနိုင်ရန် လိုအပ်ခြင်း၊

(ဈ) စက်မှုလယ်ယာစနစ် ကျင့်သုံးမှုအားနည်းခြင်းနှင့် လုပ်သားရှားပါးခြင်းကြောင့် ရိတ်သိမ်းချိန် လေလွင့်မှုများခြင်း၊

(ည) ယင်ဖြူ၊ ပဲပုပ်သံချေးရောဂါ (Rust) နှင့် ဗိုင်းရပ်စ်ရောဂါများ ပျံ့နှံ့ကျရောက်မှုကြောင့် အထွက်နှုန်း ပျက်စီးရခြင်း၊

(ဋ) ပဲပုပ်သီးနှံသည် နို်က်ထရိုဂျင်နှင့် ဖော့စဖရပ်ဓာတ် လုံလောက်စွာရရှိရန် လိုအပ်ပြီး စိုက်ပျိုးခြေတွင် သဘာဝ အဏုဇီဝ(ဆီဓိဗီယမ်) နည်းပါးပါက ပန်းပွင့်သီးကင်းဝင်ရောက်မှုနည်းခြင်း၊

(ဌ) အထက်ပါအချက်များနှင့် ပတ်သက်၍ တောင်သူများအား ပညာပေးမည့် စိုက်ပျိုးပညာပေးဝန်ထမ်းအရေအတွက် ကန့်သတ်ချက်ရှိနေခြင်း၊

(ဍ) ကန်ထရိုက်လယ်ယာစနစ် ကျင့်သုံးမှု အားနည်းခြင်း၊

(ဎ) စိုက်ပျိုးထုတ်လုပ်မှုစရိတ် သုံးစွဲမှုကန့်သတ်ချက်များရှိနေခြင်း၊

(ဏ) ပြည်ပမှ တင်သွင်းသော ပဲပုပ်ဆီ/ပဲကြိတ်ဖတ် ဈေးနှုန်းများနှင့် ပြည်တွင်းပွဲရုံ ဈေးနှုန်းများ အပြောင်းအလဲရှိခြင်း။

စာမျက်နှာ ၁၇ သို့ ❖

❖ စာမျက်နှာ ၁၆ မှ

နှမ်းနှင့်ပဲပုပ် တိုးချဲ့ထုတ်လုပ်ရာတွင် ဆောင်ရွက်ရန်အချက်များ

၁၂။ နှမ်းသီးနှံ ထုတ်လုပ်မှုတိုးတက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါမည်-

(က) မိသားစုဖူလုံမှုအတွက်သာ နှမ်းစိုက်ပျိုးသော တောင်သူများအား စီးပွားဖြစ် စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ခ) ဒေသမျိုးများအစား ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများဖြင့် အစားထိုး ဆောင်ရွက်ပေးခြင်း၊

(ဂ) မြေတွင်းအစိုဓာတ်ထိန်းသည့် နည်းလမ်းများ အသုံးပြုစိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊ တောင်သူစိုက်ခင်းများတွင် ရှေ့ပြေးစိမ်ကိန်းများဖြင့် လက်တွေ့ဆောင်ရွက်ပြသခြင်း၊

(ဃ) စိုက်ခင်းအတွင်း မိုးရေစုဆောင်းသော နည်းလမ်းများဖြင့် ရွာသွန်းသောမိုးရေကို စိုက်ခင်းအောက် မြေဆီလွှာထဲတွင် ထိန်းသိမ်းသိုလှောင်နိုင်သည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်စေခြင်း၊

(င) သီးနှံထွက်ကုန်များ အရည်အသွေးပြည့်မီရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် သီးနှံအရည်အသွေးထိန်းသိမ်းရေး၊ စံချိန်စံညွှန်းများကို တောင်သူများ သိရှိနားလည်စေရန် ပညာပေးခြင်း၊

(စ) နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက် ချိတ်ဆက်မှုတို့ကို အတူတကွဆောင်ရွက်နိုင်မည့် ကန်ထရိုက်လယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီပေးခြင်း။

၁၃။ ပဲပုပ်သီးနှံ ထုတ်လုပ်မှုတိုးတက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါမည် -

(က) ဆီထွက်ပဲပုပ်စိုက်ဧရိယာ တိုးချဲ့နိုင်ရန် တောင်သူများအားစည်းရုံးခြင်း၊

(ခ) တိုးချဲ့စိုက်ပျိုးသည့်ဧရိယာများအတွက် မျိုးကောင်းမျိုးသန့်လုံလောက်စွာ ပံ့ပိုးပေးခြင်း၊

(ဂ) သက်တမ်းတိုးပြီး ဆီပါဝင်မှုမြင့်မားသော မျိုးများကို တိုးချဲ့သုံးစွဲခြင်း၊

(ဃ) နိုက်ထရိုဂျင် ဖမ်းယူပေးသည့် ရိုင်ဇိုဗီယမ် (Rhizobium) ဇီဝမြေဩဇာဖြင့် မျိုးစေ့လူးနယ်စိုက်ပျိုးရန် ပညာပေးခြင်း၊

(င) စိုက်ခင်းအတွင်း ရေမဝပ်စေရန် ရေထုတ်မြောင်းများကြိုတင်ပြုလုပ်ထားပြီး ပန်းပွင့်ချိန်နှင့် အစေ့အဆန်တည်ချိန်တွင် ရေလုံလောက်စွာရရှိအောင် စီမံဆောင်ရွက်ခြင်း၊

(စ) ပိုးသတ်ဆေးအသုံးပြုမှု လျော့ချပြီး ဘက်စုံ ပိုးမွှားကာကွယ်နည်းစနစ် အသုံးပြုစေခြင်း၊

(ဆ) ရောဂါပိုးမွှားများ၏သံသရာကို ဖျက်ဆီးရန် စပါး၊ အစေ့ထုတ်ပြောင်း သို့မဟုတ် နှံစားသီးနှံများနှင့် သီးလှည့်စိုက်ပျိုးခြင်း၊

(ဇ) သီးနှံထွက်ကုန်များ အရည်အသွေး ပြည့်မီရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် သီးနှံအရည်အသွေး ထိန်းသိမ်းရေး၊ စံချိန်စံညွှန်းများကို တောင်သူများ သိရှိနားလည်စေရန် ပညာပေးခြင်း၊

(စျ) နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက် ချိတ်ဆက်မှုတို့ကို အတူတကွ ဆောင်ရွက်နိုင်မည့် ကန်ထရိုက်လယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း။

ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ နှင့်စပ်လျဉ်းသည့် အကြံပြုချက်

၁၄။ ဆီထွက်သီးနှံ နှမ်းနှင့် ပဲပုပ် တိုးချဲ့ထုတ်လုပ်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ ၂၀၃၁-၂၀၃၂ အထိ (၅) နှစ် စီမံချက်ဖြင့် ဆောင်ရွက်မည်ဆိုပါက အောက်ပါအဆင့်များဖြင့် ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည် -

ခုနှစ်	ဦးစားပေးဆောင်ရွက်သင့်သည့်လုပ်ငန်းများ
၂၀၂၇-၂၀၂၈	ပဲပုပ်မျိုးထုတ်လုပ်ခြင်းဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ ပွားများခြင်းနှင့် စမ်းသပ်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပဲပုပ်စိုက်ဧရိယာတိုးတက်ရန်အတွက် ဝင်ငွေနည်းသည့် သီးနှံများနေရာတွင် အစားထိုးစိုက်ပျိုးနိုင်ရန် တောင်သူများအား စည်းရုံးခြင်းနှင့် သီးထပ်စိုက်ပျိုးနိုင်မည့် ဧရိယာများဖော်ထုတ်စိုက်ပျိုးစေခြင်း၊ အထွက်နှုန်းကျဆင်းနေသော နှမ်းမျိုးများအစား အထွက်ကောင်းပြီး ဒေသနှင့်ကိုက်ညီသည့်မျိုးများဖြင့် မျိုးပြောင်းလဲစိုက်ပျိုးစေခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် မျိုးများကို ရွေးချယ်ခြင်းနှင့် မျိုးထိန်းသိမ်းခြင်း၊ ပဲပုပ်နှင့် နှမ်းကို ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးတတ်စေရန် စိုက်ပျိုးနည်းစနစ်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။
၂၀၂၈-၂၀၂၉	နှမ်းနှင့် ပဲပုပ်ကို ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့် စံချိန်စံညွှန်းများကို စိစစ်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ရေးဆွဲခြင်း၊ သီးနှံအာမခံစနစ်ကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်း၊ ယခင်နှစ်က စတင်ခဲ့သည့် သုတေသနလုပ်ငန်းများ၊ စိုက်ဧရိယာ တိုးချဲ့ရေးလုပ်ငန်းများ၊ မျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း။
၂၀၂၉-၂၀၃၁	နှမ်းနှင့်ပဲပုပ်ကို ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့် စံချိန်စံညွှန်းများကို စိစစ်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ရေးဆွဲခြင်း၊ သီးနှံအာမခံစနစ်ကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်း၊ ဆီထွက်သီးနှံ အထူးဖွံ့ဖြိုးရေးဇုန်များ သတ်မှတ်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းအတွက် MSME လုပ်ငန်းများနှင့် ညှိနှိုင်းခြင်း၊ ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ရန် လုပ်ငန်းရှင်များနှင့် တောင်သူများအား ချိတ်ဆက်ပေးခြင်းဖြင့် ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်းများ၊ စိုက်ဧရိယာတိုးချဲ့ရေးလုပ်ငန်းများ၊ မျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း။
၂၀၃၁-၂၀၃၂	ဆီထွက်သီးနှံ အထူးဖွံ့ဖြိုးရေးဇုန်များ အကောင်အထည်ဖော်ခြင်း၊ ဆီနှင့်ကြိတ်ဖတ်တင်သွင်းမှုအစား ပြည်တွင်းတွင်ထုတ်လုပ်သည့် ဆီနှင့်ကြိတ်ဖတ်များဖြင့် အစားထိုးသုံးစွဲခြင်းနှင့် ပြည်ပတင်ပို့ခြင်းမူဝါဒနှင့် ဆီကြိတ်စက်များနှင့် MSME လုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများချမှတ်ခြင်း၊ မျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း။

သုံးသပ်ချက်

၁၅။ နှမ်းနှင့် ပဲပုပ်သီးနှံကို တိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းဆီလိုအပ်ချက်၊ တိရစ္ဆာန်အစာ လိုအပ်ချက်၊ အခြားစားသုံးမှုများနှင့် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများအနေဖြင့် ပြည်တွင်းတွင် ထွက်ရှိသည့် ကုန်ကြမ်းကို လုံလောက်စွာသုံးစွဲနိုင်ခြင်းနှင့် ပိုလျှံသည့်ပမာဏကို ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေတိုးတက်ခြင်း အကျိုးရလဒ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ နှမ်းသီးနှံတိုးချဲ့ထုတ်လုပ်ရာတွင် စိုက်ဧရိယာတိုးချဲ့ခြင်းအစား တစ်ဧကာအထွက်နှုန်း တိုးတက်စေခြင်းဖြင့် ဦးစားပေးဆောင်ရွက်သင့်ပါသည်။ တစ်ဧကာအထွက်နှုန်း တိုးတက်ရေးအတွက် နှမ်းစိုက်တောင်သူများ၏ အားထုတ်မှုသည် အဓိကကျသော်လည်း တောင်သူများလိုအပ်သည့် မျိုး၊ သွင်းအားစုများ၊ စိုက်ပျိုးရေး စိုက်ပျိုးနည်းစနစ်၊ ထုတ်ကုန်အတွက် ဈေးကွက်၊ တောင်သူများ စီးပွားရေးတွက်ခြေကိုက်မည့် သီးနှံဈေးနှုန်းနှင့် လုပ်သာကိုင်သာရှိစေမည့်အခြေအနေများ ပြည့်စုံမှသာ အဆိုပါသီးနှံကို ရေရှည်စိုက်ပျိုးထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။

ပဲပုပ်သီးနှံတိုးချဲ့ထုတ်လုပ်ရာတွင် လက်ရှိစိုက်ပျိုးလျက်ရှိသည့် ပဲပုပ်စိုက်ဧရိယာများကို ဆီထွက်ပဲပုပ်ဖြင့် လွှမ်းခြုံနိုင်ပါက ပြည်တွင်းဆီဖုလုံမှုနှင့် တိရစ္ဆာန်အစာလိုအပ်ချက်တို့ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ပါမည်။ နှမ်းသီးနှံနည်းတူ ပဲပုပ်စိုက်ပျိုးတောင်သူများအတွက်လည်း မျိုး၊ သွင်းအားစုများ၊ စိုက်ပျိုးရေး စိုက်ပျိုးနည်းစနစ်၊ ထုတ်ကုန်အတွက် ဈေးကွက်၊ တောင်သူများ စီးပွားရေးတွက်ခြေကိုက်မည့် သီးနှံဈေးနှုန်းနှင့် လုပ်သာကိုင်သာရှိစေမည့် အခြေအနေများ လိုအပ်မည်ဖြစ်သဖြင့် နိုင်ငံတော်၏မူဝါဒဆိုင်ရာ ပံ့ပိုးမှု၊ ကြီးကြပ်လမ်းညွှန်မှုနှင့် သီးနှံတန်ဖိုးကွင်းဆက်တွင် ပါဝင်သူအားလုံးကမိမိတို့သက်ဆိုင်ရာ ကဏ္ဍမှ တောင်သူများနှင့် ချိတ်ဆက်မှုကောင်းစွာ ပိုင်းဝန်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အရည်အသွေးကောင်းမွန်သောသီးနှံများ တိုးချဲ့ထုတ်လုပ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

နိဂုံး

၁၆။ ပြည်တွင်းစားသုံးဆီဖုလုံစေရန်နှင့် ပြည်ပတင်ပို့မှု တိုးတက်ရန် ရည်မှန်းချက်ပြည့်မီရေးအတွက် ဆီထွက်သီးနှံများကို ထုတ်လုပ်မှုတိုးချဲ့ခြင်းဖြင့် ဆောင်ရွက်ရာ၌ ထုတ်လုပ်မှုပမာဏသာမက ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေးကိုလည်း ထုတ်လုပ်မှုအဆင့်တိုင်းတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆီထွက်သီးနှံကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာကာ တောင်သူများ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ အာဟာရဖူလုံရေးနှင့် စိုက်ပျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ■

ကံမမြို့နယ်၌ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

ကံမ နိုဝင်ဘာ ၇



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုအပူဒဏ် ကာကွယ်နိုင်ရေး အသိပညာပေးခြင်းကို နိုဝင်ဘာ ၅ ရက်က ထန်းလေးပင်ကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးသုထက်အောင်က အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ၊ အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေး၊ ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုစနစ်တကျ ချွေတာသုံးစွဲကြရန်နှင့် ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လူ

လှည်းကူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများ ထည့်သွင်းစိုက်ပျိုးဆောင်ရွက်ခဲ့သည့်နေရာများ ကွင်းဆင်းစစ်ဆေး

လှည်းကူး နိုဝင်ဘာ ၇



ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ထည့်သွင်းစိုက်ပျိုးဆောင်ရွက်ခဲ့သည့်နေရာများအား တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

လှည်းကူးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက သနပ်ပြင်ကျေးရွာရှိ ပြင်ဦးလွင်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား တောင်သူများ၊ ရောင်နီဦး လယ်ထွေသမဝါယမအသင်းမှ အသင်းသားတောင်သူများ၊ ဟိုင်းကူးကျေးရွာမှ အသင်းသား တောင်သူများ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ထည့်သွင်းစိုက်ပျိုးဆောင်ရွက်ခဲ့သည့် မှော်ဘီ(၃) မိုးစပါးများ စတင်ရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

အဖိုးတန်ရေချို၊ တန်ဖိုးထားထိန်းသိမ်းကြစေလို။

ကြေးမုံ



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကေတုမတီရှေးဟောင်းကျုံးမြောက်ဘက်ရှိ မော်ကွန်းတံခါးအနီး ကျုံးကူးတံတားတည်ဆောက်မည့်နေရာ ကြည့်ရှုစစ်ဆေး

ပဲခူး နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီရှေးဟောင်းကျုံးမြောက်ဘက်ရှိ မော်ကွန်းတံခါးအနီးကျုံးကူးတံတားတည်ဆောက်မည့်နေရာကို ယမန်နေ့ ညနေပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ ကျုံးပတ်လမ်းများ ကောင်းမွန်မှုရှိစေရေးနှင့် မြို့ရိုးတစ်လျှောက်ရှိ ချုံနွယ်များကို စဉ်ဆက်မပြတ် ဖယ်ရှားရှင်းလင်းရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တောင်ငူမြို့ နန်းတော်ရာဟောင်းနေရာ ရှာဖွေတူးဖော်ထားရှိမှု၊ ကေတုမတီမြို့ဟောင်းစစ်ရင်းတံခါးပေါက်၊ မြို့ရိုးနှင့် နွံကျုံး ပြန်လည်ဖော်ထုတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ဝိုင်းမော်မြို့မဈေးအတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ဝိုင်းမော် နိုဝင်ဘာ ၇

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ဝိုင်းမော်မြို့မဈေးခွဲ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ အရေးပေါ်အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးချောက်၊ မီးကပ်၊ ရေပုံးများ၊ သဲအိတ်များထားရှိရေးနှင့် မီးဘေးအန္တရာယ် အထူးဂရုပြုလိုက်နာဆောင်ရွက်သွားရေး အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့မဈေးနှင့် ပတ်ဝန်းကျင်ရှိဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေးစစ်ဆေးကာ မီးငြိမ်းသတ်ရေးသရုပ်ပြဓာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

အဆီး(ပြန်/ဆက်)

ဖလမ်းမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ဖလမ်း နိုဝင်ဘာ ၇

ချင်းပြည်နယ် ဖလမ်းမြို့ ဗလိုင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း လမ်းတစ်လျှောက် မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗလိုင်ရပ်ကွက်အတွင်း နေရပ်ပြန်ပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်မှု၊ ရပ်ကွက်အတွင်း ဥယျာဉ်ခြံစိုက်ပျိုးမှု၊ ရေရှည်ဖူအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အိမ်မဲမြို့နယ် မာလကာကုန်းကျေးရွာတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် နွေရာသီရေရှားပါးမှု မဖြစ်ပေါ်စေရေး အသိပညာပေးဆွေးနွေး

အိမ်မဲ နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စူပါအယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် နွေရာသီကာလတွင် ရေရှားပါးမှုများ မဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးအတွက် ထိန်ဥ ကျေးရွာအုပ်စု မာလကာကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများအား အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်က ဆောင်ရွက်သည်။



အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် အိမ်မဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်က ရေရှားပါးမှု အခြေအနေများ အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲအသုံးပြုရေး၊ မိုးရေများကို စုဆောင်းသိုလှောင်ထားရှိရေး၊ ရေကန်များနှင့် ရေပေးဝေရေးစနစ်များကို ကြိုတင်စစ်ဆေး ပြုပြင်ထိန်းသိမ်းရေး၊ ရေယိုစိမ့်ဆုံးရှုံးမှုများ လျော့ချရေးနှင့် သောက်သုံးရေ ချွေတာသုံးစွဲရေးတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အိမ်မဲ(ပြန်/ဆက်)

ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၇

နေပြည်တော်ကောင်စီအတွင်းရေးမှူးက ဦးသန်းဆွေဝင်းသည် ဧယျာသီရိခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောနိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အခြေခံစားသောက်ကုန်များ ပေးအပ်ခြင်းကို နိုဝင်ဘာ ၄ ရက် ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီအတွင်းရေးမှူးက ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဦးကျော်ဝေယံငြိမ်းက လက်ခံရယူပြီး နေပြည်တော်



ကောင်စီအတွင်းရေးမှူးက အမှာစကားပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါ်ပေါက်ပည်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)



သီပေါမြို့နယ်၌ ဆိုင်ကယ်စီးဦးထုပ်နှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

သီပေါ နိုဝင်ဘာ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ ဒုရဲအုပ်ကျော်ဇင်မိုး ဦးစီးသည့်အဖွဲ့သည် တောင်မြို့ရပ်ကွက် ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်ရုံးရှေ့၌ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးတွင် မော်တော်ဆိုင်ကယ်စီးနင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းကို ယမန်နေ့တွင် ပြုလုပ်သည်။

ဦးစွာ ဒုရဲအုပ်ကျော်ဇင်မိုးက ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ဆင်ရန်၊ ဆိုင်ကယ်အား နှစ်ဦးထက်ပို၍ စီးနင်းခြင်းမပြု ရန် စသည်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး အသိပညာပေး ရှင်းလင်းပြောကြားပြီး ရောင်ပြန်စတစ်ကာများ ကပ်ပေးကာ ဆိုင်ကယ်စီးဦးထုပ် ၅၅ လုံးနှင့် အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အသက်အိုးအိမ်စည်းစိမ်လုံခြုံဖို့ မီးဘေးသတိ အမြဲရှိစို့

"မီးသည် လူကို အကျိုးပြုသကဲ့သို့ တစ်ခဏတာပျော့ဆမှုကြောင့် ဘဝပေါင်းများစွာကို ပြာကျစေနိုင်သည်" ဟူသော ဆိုစကားအတိုင်း မီးဘေးအန္တရာယ်သည် ကြိုတင်ကာကွယ်မှုအားနည်းပါက ကြီးမားသောဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နိုင်ရန် မီးဘေးဗဟုသုတများကို သိရှိနားလည်ပြီး လက်တွေ့လိုက်နာဆောင်ရွက်ကြရန် အရေးကြီးလှပါသည်။

ရွှေစင်ထွန်း(အညာမြေ)



ပြင်းထန်သောအပူချိန်နှင့် လေပြင်းတိုက်ခတ်မှုတို့က သေးငယ်သော မီးပွားတစ်ခုမှသည် ကြီးမားသော မီးလောင်မှုကြီးဖြစ်ရန် အခြေအနေကောင်းများကို ဖန်တီးပေးလေ့ရှိပါသည်။ အထူးသဖြင့် ခြောက်သွေ့သော ရွက်ကြွေများနှင့် မြက်ခြောက်များ ပေါများချိန်တွင် မီးကူးစက်မှုမှာ အဆမတန်မြန်ဆန်လှပါသည်။

အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သော ပန်ကာ၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်များကို အချိန်ကြာမြင့်စွာ အဆက်မပြတ် အသုံးပြုခြင်းကြောင့် ဝိုင်ယာကြိုးများ အပူလွန်ကဲကာ မီးစတင်လောင်ကျွမ်းတတ်ပါသည်။ ထို့ပြင် စံချိန်မမီသော လျှပ်စစ်ပစ္စည်းများကို အသုံးပြုခြင်းသည်လည်း မီးဘေးအန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်ပါသည်။

သက်တမ်းကြာမြင့်ပြီး ပေါင်းနွမ်းနေသော ဝိုင်ယာကြိုးများ၊ ပေါက်ပြဲနေသော အဆက်များကို အချိန်မီလဲလှယ်ခြင်းက လျှပ်စစ်ရှော့ဖြစ်ခြင်းကို ကာကွယ်နိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ မိမိတို့နေအိမ်ရှိ ဝိုင်ယာကြိုးစနစ်များကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် ကျွမ်းကျင်သူများနှင့် စစ်ဆေးသင့်ပါသည်။

ဂက်စ်မီးဖိုများကို အသုံးပြုပြီးတိုင်း ဂက်စ်အိုးခေါင်းကို သေချာစွာပိတ်ရန်နှင့် ဂက်စ်ပိုက်လိုင်းများ ယိုစိမ့်မှု ရှိ၊ မရှိကို ဆပ်ပြာရည်ဖြင့် စမ်းသပ်စစ်ဆေးသင့်ပါသည်။ ဂက်စ်အိုးများကို လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိပြီး မီးဖိုနှင့် အကွာအဝေးတစ်ခုချန်ထားသင့်ပါသည်။

ကျေးလက်ဒေသနှင့် မြို့ပြအချို့တွင် ထင်း၊ မီးသွေးသုံးစွဲပါက မီးသုံးပြီးတိုင်း ပြာပုံထဲတွင် မီးကြွင်းမီးကျန် မရှိစေရန် ရေဖြင့် သေချာစွာငြိမ်းသတ်ရပါမည်။ မီးဖိုဘေးတွင် မီးလောင်လွယ်သော လောင်စာများ စုပုံထားခြင်းကို အထူး ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

ဘုရားမီးပူဇော်ရာတွင် ဖယောင်းတိုင်နှင့် အမွေးတိုင်များကို လေတိုက်ပါက လဲကျနိုင်သော အနေအထားတွင် မထားရန်နှင့် မီးလောင်လွယ်သောပစ္စည်းများနှင့်ဝေးရာတွင် ထားရှိရန် လိုအပ်ပါသည်။ အပြင်သို့သွားရန်ရှိပါက သို့မဟုတ် အိပ်ရာဝင်ပါက မီးများကို စိတ်ချရအောင် ငြိမ်းသတ်ရပါမည်။

ညဘက်ခြင်ဆေးခွေ ထွန်းရာတွင် သံကတ်ပြား သို့မဟုတ် ကြွေပန်းကန်များပေါ်၌ စနစ်တကျတင်၍ အသုံးပြုရမည်ဖြစ်ပြီး အိပ်ရာခင်း၊ ခြင်ထောင်တို့နှင့် မထိစပ်စေရန် သတိပြုရပါမည်။ ခြင်ဆေးခွေမှကျလာသော ပြာပုများသည် အောက်ခံပစ္စည်းကို မီးမလောင်စေရန် အကာအကွယ် ပြုလုပ်ထားရပါမည်။

ကလေးငယ်များက မီးကို ကစားစရာဟု ထင်မှတ်တတ်သဖြင့် မီးခြစ်များကို လုံခြုံသောနေရာတွင် သိမ်းဆည်းထားခြင်းဖြင့် ကလေးကစားရာမှဖြစ်ပွားသော မီးဘေးကို တားဆီးနိုင်ပါသည်။ ကလေးများကို မီး၏အန္တရာယ်အကြောင်း နားလည်အောင် ရှင်းပြထားခြင်းက လည်း ကာကွယ်မှုတစ်မျိုးဖြစ်ပါသည်။

ဖုန်းအားသွင်းကြိုးများကို အိပ်ရာပေါ် သို့မဟုတ် ဆိုဖာပေါ်တွင်တင်၍ အားသွင်းခြင်းကို ရှောင်ကြဉ်ရပါမည်။ အားပြည့်ပါက ပလပ်ခေါင်းကို ဖြုတ်ထားရန်လိုအပ်ပြီး ဖုန်းအားသွင်းရင်း ဖုန်းအသုံးပြုခြင်းကိုလည်း မီးဘေးနှင့် ကျန်းမာရေးအတွက် ရှောင်ကြဉ်သင့်ပါသည်။

ဆေးလိပ်သောက်သူများအနေဖြင့် ဆေးလိပ်တိုကို သေချာစွာ ငြိမ်းသတ်ပြီးမှ စွန့်ပစ်ရမည်ဖြစ်ပြီး မီးလောင်လွယ်သော မြက်ခြောက်ပုံများအနီး လွှင့်ပစ်ခြင်း လုံးဝမပြုလုပ်သင့်ပါ။ အထူးသဖြင့် ကားလမ်းဘေး သို့မဟုတ် တောအုပ်များအနီး ဆေးလိပ်တိုစွန့်ပစ်ခြင်းကြောင့် တောမီးလောင်မှုများ ဖြစ်ပွားတတ်ပါသည်။

အမှိုက်မီးရှို့ရာတွင် လူစောင့်မပါဘဲ မပြုလုပ်ရန်နှင့် လေပြင်းတိုက်ခတ်နေချိန်တွင် မီးရှို့ခြင်းကို အထူးရှောင်ကြဉ်ရပါမည်။ မီးရှို့ပြီးပါကလည်း မီးကြွင်းမီးကျန်များ လုံးဝမရှိစေရန် ရေလောင်းရှဖြစ်စေ၊ မြေဖို့ဖြစ်စေ သေချာစွာ ဆောင်ရွက်ရပါမည်။ အိမ်တိုင်းတွင် မီးသတ်ဆေးဘူး အဆင်သင့်ထားရှိခြင်းနှင့် ယင်းကိုမည်သို့အသုံးပြုရမည်ကို မိသားစုဝင်အားလုံး လေ့ကျင့်ထားခြင်းသည် အရေးပေါ်အခြေအနေတွင် များစွာအထောက်အကူပြုပါသည်။ မီးသတ်ဆေးဘူး၏ သက်တမ်းကိုလည်း အမြစစ်ဆေးပြီး အသစ်လဲလှယ်မှုများ ပြုလုပ်ရပါမည်။

"ရေတစ်မှုတ်၊ သဲတစ်ဆုပ်" ဟူသော ဆောင်ပုဒ်အတိုင်း အရေးပေါ်အသုံးပြုရန် ရေကန်၊ ရေပုံးနှင့် သဲအိတ်များကို အိမ်ရှေ့တွင် အမြဲအဆင်သင့်ရှိနေစေရပါမည်။ သဲသည် ဆီကြောင့်ဖြစ်သော မီးလောင်မှုများကို ငြိမ်းသတ်ရာတွင် အလွန်ထိရောက်သော ပစ္စည်းတစ်ခုဖြစ်ပါသည်။ ရှေးရိုးရာ မီးဘေးကာကွယ်ရေးပစ္စည်းများဖြစ်သော မီးချောင်း၊ မီးကပ်များကို အိမ်ခေါင်းမိုးအနီး သို့မဟုတ် လက်လှမ်းမီရာတွင် ထားရှိခြင်းက ကူးစက်မီးကို တားဆီးရာတွင် ထိရောက်ပါသည်။ မီးချောင်းသည် မီးလောင်နေသော အစိတ်အပိုင်းများကို ဆွဲဖယ်ရန်အတွက် များစွာအသုံးဝင်ပါသည်။

"ရေတစ်မှုတ်၊ သဲတစ်ဆုပ်" ဟူသော ဆောင်ပုဒ်အတိုင်း အရေးပေါ်အသုံးပြုရန် ရေကန်၊ ရေပုံးနှင့် သဲအိတ်များကို အိမ်ရှေ့တွင် အမြဲအဆင်သင့်ရှိနေစေရပါမည်။ သဲသည် ဆီကြောင့်ဖြစ်သော မီးလောင်မှုများကို ငြိမ်းသတ်ရာတွင် အလွန်ထိရောက်သော ပစ္စည်းတစ်ခုဖြစ်ပါသည်။ ရှေးရိုးရာ မီးဘေးကာကွယ်ရေးပစ္စည်းများဖြစ်သော မီးချောင်း၊ မီးကပ်များကို အိမ်ခေါင်းမိုးအနီး သို့မဟုတ် လက်လှမ်းမီရာတွင်ထားရှိခြင်းက ကူးစက်မီးကို တားဆီးရာတွင် ထိရောက်ပါသည်။ မီးချောင်းသည် မီးလောင်နေသော အစိတ်အပိုင်းများကို ဆွဲဖယ်ရန်အတွက် များစွာအသုံးဝင်ပါသည်။

မီးလောင်မှုဖြစ်ပွားပါက သတင်းပို့ရမည့် ဖုန်းနံပါတ်များ သိရှိခြင်း

မီးသတ်ဌာန၏အရေးပေါ်ဖုန်းနံပါတ် "၁၉၁" ကို မိသားစုဝင်တိုင်းအလွတ်ရနေရန် သို့မဟုတ် မြင်သာသောနေရာတွင် ကပ်ထားရန်လိုအပ်ပါသည်။ သတင်းပေးပို့ရာတွင် လိပ်စာနှင့် တည်နေရာကို တိကျစွာပြောဆိုနိုင်ရန် လေ့ကျင့်ထားသင့်ပါသည်။

အိမ်ဆောက်ရာတွင်ဖြစ်စေ၊ အခန်းငှားရာတွင်ဖြစ်စေ အရေးပေါ်ထွက်ပေါက် ရှိရန်လိုအပ်ပြီး ထိုလမ်းကြောင်းများတွင် ပစ္စည်းများ ပိတ်ဆို့မထားသင့်ပါ။ မီးလောင်ချိန်တွင် ထွက်ပြေးရန်လမ်းကြောင်းကို ကြိုတင်စဉ်းစားထားခြင်းက အသက်အန္တရာယ်မှ ကင်းဝေးစေပါသည်။

ဒေသအလိုက် မီးဘေးလုံခြုံရေးအတွက် မီးကင်းလှည့်ခြင်း၊ မီးသတိပေးခေါင်းလောင်းတီးခြင်း စသည့်စုပေါင်းကာကွယ်ရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်သင့်ပါသည်။ တစ်အိမ်တက်ဆင်း မီးစစ်ဆေးခြင်းသည်လည်း ပေါ့ဆမှုများကို လျှော့ချပေးနိုင်ပါသည်။ လူထုအတွင်း မီးဘေးဗဟုသုတများ ပိုမိုပြန့်ပွားစေရန်အတွက် ကျွမ်းကျင်သူများနှင့်တိုင်ပင်ကာ အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရပါမည်။ မီးသတ်လေ့ကျင့်ခန်းများတွင် ပါဝင်ဆင်နွှဲခြင်းဖြင့် အမှန်တကယ် မီးလောင်ပါက ထိတ်လန့်မှုမရှိဘဲ တုံ့ပြန်နိုင်မည်ဖြစ်ပါသည်။

မီးလောင်မှုဖြစ်ပွားပါက "ကိုယ့်အိမ်မဟုတ်ဘူး" ဟု သဘောမထားဘဲ ဝိုင်းဝန်းငြိမ်းသတ်ခြင်းဖြင့် မိမိအိမ်သို့ကူးစက်လာမည့် အန္တရာယ်ကိုပါ ကြိုတင်ကာကွယ်ရာရောက်ပါသည်။ ရပ်ကွက်အတွင်း စည်းလုံးမှုရှိခြင်းသည် မီးဘေးအန္တရာယ်ကို တွန်းလှန်ရာတွင် အဓိကသော့ချက်ဖြစ်ပါသည်။

အကယ်၍ မီးဘေးကြုံတွေ့ခဲ့ပါက ပျက်စီးဆုံးရှုံးမှုများအတွက် စိတ်ဓာတ်မကျဘဲ နောင်တွင် ထပ်မံမဖြစ်ပွားစေရန် မည်သည့်အချက်ကြောင့် လောင်ကျွမ်းရသည်ကို သင်ခန်းစာယူပြင်ဆင်ရပါမည်။ ဆုံးရှုံးမှုများမှ ရရှိလာသော အတွေ့အကြုံကိုအခြေခံ၍ ပိုမိုလုံခြုံသောနေထိုင်မှုစနစ်ကို တည်ဆောက်ရမည်ဖြစ်ပါသည်။

ပြည်သူတစ်ရပ်လုံးအနေဖြင့် မိမိတို့၏ နေအိမ်၊ ရပ်ကွက်နှင့် ပတ်ဝန်းကျင် လုံခြုံရေးအတွက် မီးဘေးသတိ၊ မီးဘေးအသိတို့ကို မြဲမြံစွာထားရှိကြရပါမည်။ လူတိုင်းက ကိုယ်စီတာဝန်ယူကာ ပေါ့ဆမှုမရှိဘဲ စနစ်တကျနေထိုင်ကြမည်ဆိုလျှင် မီးဘေးကင်းဝေးသည့် အေးချမ်းသော လူမှုဘဝကိုတည်ဆောက်နိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ ။

✣ M-League II မှ

နိုဝင်ဘာ ၆ ရက်ကကျင်းပသည့်ပွဲတွင် ရွှိုင်ရယ်ဒဂုံအသင်းက Asia Lion အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ Elite Kings အသင်းက Enjoy Brother အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရွှိုင်ရယ်ဒဂုံအသင်း နောက်ကျဂိုးဖြင့် ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး လေးပွဲဆက်ရှုံးပွဲမရှိမှတ်တမ်းကောင်းပိုင်ဆိုင်ခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရွှိုင်ရယ်ဒဂုံအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် ပါကျိကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

နိုင်ပွဲမရသေးသည့် Elite Kings အသင်းနှင့် Enjoy Brother အသင်းတို့ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး Elite Kings အသင်းက နောက်ဖုလိုက်ကစားကာ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရီဝေယံက Enjoy Brother အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပြီး Elite Kings အသင်းအတွက် ချေပဂိုးကို ၅၁ မိနစ်တွင် မင်းမြတ်စိုးက သွင်းယူကာ အနိုင်ဂိုးကို ၈၁ မိနစ်တွင် ခွန်ဝင်းထွဋ်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို Elite Kings အသင်းမှ မင်းမြတ်စိုးကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

နိုဝင်ဘာ ၇ ရက်က ကျင်းပသည့်ပွဲများတွင် တက္ကသိုလ်အသင်းက ရာမညူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Junior Lions အသင်းက မနောအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တက္ကသိုလ်အသင်းသည် လေးပွဲဆက်အနိုင်ရလဒ်နှင့်အတူ ရခိုင်ယူနိုက်တက်နှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားချက်အသာဖြင့် ဆက်လက်ဦးဆောင်နေသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို Junior Lions အသင်း ဂိုးသမား ရွှိုင်းထက်ကျော်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၄) ပွဲပြီးတွင် တက္ကသိုလ်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းက ၁၂ မှတ်စီ၊ Junior Lions အသင်းက ကိုးမှတ်၊ ရွှိုင်ရယ်ဒဂုံအသင်းက ရှစ်မှတ်၊ VUE နေပြည်တော်အသင်းက ခုနစ်မှတ်၊ ရာမညူနိုက်တက်အသင်းက ငါးမှတ်၊ Elite Kings အသင်းက သုံးမှတ်၊ မနောအသင်းက တစ်မှတ်ရရှိထားပြီး Asia Lion အသင်းနှင့် Enjoy Brother အသင်းတို့မှာ အမှတ်မရသေးပေ။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MLeague

■

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကကြီးမှူးရ၍ ရှမ်းပြည်နယ်တရားလွှတ်တော်၌ မူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲကျင်းပ



တောင်ကြီး နိုဝင်ဘာ ၇

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးမှူးရ၍ ရှမ်းပြည်နယ်တရားလွှတ်တော်တွင် မူပိုင်ခွင့်ဥပဒေများနှင့် စပ်လျဉ်းသည့် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ Online/ In Person (Hybrid) စနစ်ဖြင့် ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကို၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က အမှာစကား ပြောကြားကြပြီး ရှမ်းပြည်နယ် တရားလွှတ်တော် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်သိန်းသိန်းဌေးက အသိပညာပေး ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အသိပညာပေးဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီး ဒေါ်အေးအေးလှိုင်က မူပိုင်ခွင့်ဥပဒေ(၄)ရပ်ကို အနှစ်ချုပ်ဆွေးနွေးခြင်း၊ တောင်ကြီး ခရိုင်တရားရုံး ခရိုင်တရားသူကြီး ဦးစိုးခွန်ဖြူက Features of Myanmar Trademark Law; New Issues, Challenges & Role of IP Court ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကလောခရိုင်ရုံး ဒုတိယခရိုင်တရားသူကြီး ဒေါ်သဲမိုမိုဆွေက စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေနှင့် မူပိုင်ခွင့်တရားရုံးများ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

ထက်ဝေ(ပြန်/ဆက်)



အုတ်တွင်းမြို့နယ်၌ သမဝါယမအသင်းစု အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်

အုတ်တွင်း နိုဝင်ဘာ ၇

အုတ်တွင်းမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအသစ် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးသမဝါယမမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အမှုဆောင်ခုနစ်ဦးနှင့် စာရင်းစစ်နှစ်ဦးတို့အား တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များ၏ အဆိုပြုထောက်ခံချက်များဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဆွေးနွေး

ဖြူး နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ အသက်(၉)လမှ (၅)နှစ်အောက် ကလေးငယ်များအား ဝက်သက်၊ ကျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်း အသိပေးဆွေးနွေးခြင်းကို နိုဝင်ဘာ ၅ ရက်က ဖြူးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်နိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကျော်မိုးက ဝက်သက်၊ ကျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးပြီး မြို့နယ်ကျန်းမာရေးမှူး (အဆင့် - ၁) မှ ဖြူးမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

ဖြူးမြို့နယ်အတွင်း ဝက်သက်၊ ကျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံခြင်းကို အောက်တိုဘာလမှ နိုဝင်ဘာလ အတွင်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)



လမ်းမတော်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်က လမ်းမတော်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ကျော်ဆန်းမြင့်



ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုဝင်ဘာ ၇ ရက်တွင် စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးပြီး ဈေးသူ ဈေးသားများအား ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ပုံ၊ ဂက်(စ်)မီးငြိမ်းသတ်ပုံ၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံများကို လက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်စဉ်။

အောင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

စ-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၆၄	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၈၅	၄၉၈၀	၅၀၁၀	၄၆၈၅	၄၇၀၀	၄၇၂၅	၄၆၈၅	၄၆၆၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၄	၄၇၂၀	၄၇၂၅	၄၇၆၀	၄၆၆၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၀၅	၄၇၅၀	၄၇၀၅	၄၇၀၅	၄၉၄၅
HSD (500 ppm)	၄၄၅၅	၄၇၀၅	၄၆၅၅	၄၄၅၀	၄၇၂၀	၄၇၂၀	၄၇၅၅	၄၆၆၀	-	၅၀၂၀	၄၆၆၅	၄၇၂၀	၄၇၄၅	၄၇၀၅	၄၇၀၅	၄၉၀၅
HSD (50 ppm)	၄၅၂၀	၄၆၀၅	၄၆၂၅	၄၅၅၅	၄၆၀၀	၄၆၉၅	၄၆၃၅	၄၆၀၅	၄၉၀၅	၅၀၀၅	၄၆၂၅	၄၆၄၀	၄၆၃၀	၄၆၀၅	၄၆၀၅	၄၉၀၅
HSD (10 ppm)	၄၅၂၀	၄၆၀၅	၄၆၂၅	၄၅၅၅	၄၆၀၀	၄၆၉၅	၄၆၂၅	၄၆၀၅		၅၀၀၅	၄၆၂၅	၄၆၄၀	၄၆၃၀	၄၆၀၅	၄၆၀၅	၄၉၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၈၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၀
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၂၈၀
HSD (10 ppm)	၅၂၆၅	၅၂၈၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်သည့် လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလေ့ကျင့်ခန်း(HADR) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါဝင်လေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၇

အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့ Tamil Nadu and Pudu Cherry Naval Area ၌ Ex Rahat Mitra အမည်ဖြင့် နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် လူသားချင်း စာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလေ့ကျင့်ခန်း (HADR-2026)၌ မြန်မာ့တပ်မတော်မှ အရာရှိ စစ်သည်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်၍ ပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် လေ့ကျင့်ခန်းတွင် တက်ရောက်ပါဝင် လေ့ကျင့်နိုင်ရန်အတွက် နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယတပ်မတော် လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့သို့ ထွက်ခွာခဲ့သည်။ လေ့ကျင့်ခန်းကာလအတွင်း မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် Flag Officer Commanding Tamil Nadu and Pudu Cherry Naval Area (FOTNA) မှ Rear Admiral Upal Kundu, VSM အား တမီလ်နာဌူးနှင့် ပူဒူချယ်ရီရေတပ်ဌာနချုပ်၌ ဂါရဝပြုတွေ့ဆုံခြင်း၊ အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)တို့မှ တာဝန်ရှိသူများ၏ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆောင်ရွက်ချက်များ ရှင်းလင်းမှုတို့ကို လေ့လာခြင်း၊ မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်



က သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍကို ရှင်းလင်းဆွေးနွေးခြင်း၊ ဆိုင်ကလုန်းအခြေပြု စားပွဲတင်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ Adyar ရေတပ်အခြေစိုက်စခန်းကမ်းခြေ၌ ပြုလုပ်သည့် ရေဘေးကယ်ဆယ်ရေးအဖွဲ့ (Flood Relief Column) ပါဝင်သော ဖွဲ့စည်းပုံနှင့် ပစ္စည်းများကို သရုပ်ပြခြင်း၊ ဒရုန်းဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ အင်ဂျင်နီယာ လုပ်ငန်းတာဝန်အဖွဲ့ (Engineering Task Force) ၏ဖွဲ့စည်းပုံနှင့် ပစ္စည်းများကို သရုပ်ပြရှင်းလင်းခြင်း၊ HADR ဆိုင်ရာ ယာယီတံတား ဆောက်လုပ်ခြင်းနှင့် အတားအဆီးရှင်းလင်းခြင်းဆိုင်ရာ သရုပ်ပြသမှုများကို လေ့လာခြင်း၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးပစ္စည်း(HADR Bricks)များကို ခင်းကျင်းပြသမှုများအား လေ့လာခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် သဘာဝဘေးကယ်ဆယ်ရေးတပ်ဖွဲ့သုံး ပစ္စည်းများ၊ သဘာဝဘေးဒဏ်ခံရသူများအတွက် နေရာထိုင်ခင်းနှင့် အသုံးအဆောင်ပစ္စည်းများ၊ စုပေါင်းမီးဖိုချောင်သုံးပစ္စည်းများနှင့် အစားအစာများ၊ ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ Flood Relief Team မှ တစ်ဦးချင်း အသုံးပြုသည့် ပစ္စည်းများ ခင်းကျင်းပြသမှု၊ Advanced Light Unity Helicopter အပေါ်၌ လူနာများတင်ဆောင်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် သဘာဝဘေး ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်ထားရှိမှု၊ အိန္ဒိယတပ်မတော်ဆေးအဖွဲ့၏ Field Hospital / MI Room ဆောင်ရွက်ထားရှိမှု၊ အိန္ဒိယတပ်မတော်ရေတပ်မှ Chetak အမျိုးအစား ရဟတ်ယာဉ်ဖြင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို Air Drop ချခြင်းအား သရုပ်ပြသမှုများ၊ အိန္ဒိယလေတပ်မှ ALH Helicopter အမျိုးအစား ရဟတ်ယာဉ်ဖြင့် ပင်လယ်ပြင်ကမ်းစပ်တစ်လျှောက် ရှာဖွေကယ်ဆယ်ဆောင်ရွက်ခြင်း၊ လူနာကို လူနာထမ်းစင်ဖြင့် Hoisting Motor အသုံးပြု၍ ရဟတ်ယာဉ်ပေါ်သို့ တင်/ချပြုလုပ်ခြင်း၊ ရဟတ်ယာဉ်ဖြင့် လူနာပို့ဆောင်ခြင်းစသည့် သရုပ်ပြလေ့ကျင့်မှုများပြုလုပ်ခဲ့ကြကြောင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယစစ်ရေယာဉ်ပေါ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ကြိုပင်ကောက်မြို့နယ်၌ ကျွန်ုပ်တို့ စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ လှုပ်ရှားမှုအစီအစဉ်များ ဆောင်ရွက်

ကြိုပင်ကောက် နိုဝင်ဘာ ၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျွန်ုပ်တို့ စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာလှုပ်ရှားမှုအစီအစဉ် (My Library, My World Campaign)" ကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၆ ရက်တွင် ကြိုပင်ကောက်မြို့ ပြည်သူ့စာကြည့်တိုက်၌ ကလေးတိုင်းစာဖတ်သူဖြစ်ရမည် (Every Child a Reader) အစီအစဉ်နှင့် မိသားစုနှင့်အတူ စာဖတ်ကြစို့ အစီအစဉ်တို့ကို ဆောင်ရွက်ခဲ့သည်။

ဦးစွာ ကြိုပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက



ပြည်သူ့စာကြည့်တိုက်တွင် သုတ၊ ရသစာအုပ်စာစောင် မျိုးစုံများ စီစဉ်ထားရှိမှုနှင့် စာငှားစာဖတ်ဝန်ဆောင်မှု လုပ်ငန်းများ၊ ကလေးစာဖတ်ခန်းဝန်ဆောင်မှု လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ကလေးတိုင်း စာဖတ်သူဖြစ်ရမည်(Every Child a Reader) အစီအစဉ်အဖြစ် မိဘနှင့်အတူ ကြိုက်နှစ်သက်ရာ စာအုပ်အားလွှေးချယ် ဖတ်ရှုပြီး ပြန်လည်ပြောပြခြင်း၊ မိဘနှင့် အတူ စာကြည့်တိုက် အသင်းဝင် ဆောင် ရွက် ခြင်း၊ ရုပ် ပုံ စာအုပ်များဖြင့် ပုံပြင်ပြောခြင်း၊ နံရံကပ်စာစောင်များပြသခြင်း များကို အလက (ဗောဒိရက္ခ)မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများဖြင့် ဆောင် ရွက်သည်။

အဆိုပါ အစီအစဉ်တွင် ကျောင်းသားကျောင်းသူများနှင့် မိဘများက ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြပြီး လူငယ်များ ဘဝ တိုးတက်ရေးအတွက် အသိပညာ အစီအစဉ်၊ သတင်းမှန် သတင်းမှား စစ်ဆေးနည်းများ၊ ဟောပြောပွဲများ၊ လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲများ၊ မိသားစုစာဖတ်ဝိုင်းများ၊ သင်တန်းများ၊ My Library,My World Campaign လှုပ်ရှားမှုအစီအစဉ်များကို ကြိုပင်ကောက်မြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

ကြံခင်းမြို့နယ်၌ နိုင်ငံဝန်ထမ်းများအား ဆီနှင့် ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

ကြံခင်း နိုဝင်ဘာ ၇

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် နိုင်ငံဝန်ထမ်းများအား စားအုန်းဆီနှင့် ကြက်ဥများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချခြင်းကို ကြံခင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဧရာဦးခန်းမ၌ ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ထိုသို့ရောင်းချရာတွင် နိုင်ငံဝန်ထမ်းတစ်ဦးလျှင် စာအုန်းဆီငါးဆယ်ကျပ်သား၊ ကြက်ဥ ၁၀ လုံးတို့အား စားအုန်းဆီတစ်ပိသာလျှင် ၈၁၉ ကျပ်နှုန်း၊ ကြက်ဥတစ်လုံးလျှင် ၅၀၀ ကျပ်နှုန်းတို့ဖြင့် နိုင်ငံဝန်ထမ်း ၂၅၀ အား ရောင်းချပေးခဲ့ကြကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**



တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

သာပေါင်း နိုဝင်ဘာ ၇

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တစ်လုံးထိုးဒီဇယ် အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို နိုဝင်ဘာ ၅ ရက်တွင် သာပေါင်းမြို့နယ် ရှာပြာကုန်းကျေးရွာ ဓမ္မာရုံ၌ ဖွင့်လှစ်သည်။

ဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်



ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကို နိုဝင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ စာတွေ့၊လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နတ်တလင်းမြို့နယ်၌ တောင်သူများအား မျိုးစေ့များပေးအပ်

နတ်တလင်း နိုဝင်ဘာ ၇

ပဲနူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် စားအုန်းဆီတင်သွင်းမှုလျော့ချနိုင်ရေးတို့ အတွက် ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့ပေးအပ်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဆောင်းနေကြာစိုက်ပျိုးထုတ်လုပ်မည့် ဒေသခံ တောင်သူ



များ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးနှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ စိုက်စနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲနိုင်ရေး၊ ပိုးမွှားကျရောက်မှုအန္တရာယ် ကာကွယ်နိုင်ငံနှင်းရေးစသည့် စိုက်ပျိုးရေး နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများက ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(နတ်တလင်း)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် အဆောက်အအုံများ၌



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။



အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့ အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိရာဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅ လုံး စုစုပေါင်း အဆောက်အအုံ ၉ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၄ လုံးကိုလည်း စနစ်တကျဆက်လက် ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ ၁၀၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “@uzawl win 731” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းကုန်းကျေးရွာနေ ဇော်လွင်အား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် စကားအင်းအမြဲလမ်းမကြီးရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၆ ရက်တွင် USK စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ ရှင်းခန့်အောင်





ရွှေလှဲပိုလ်နှင့် ရွာသာယာမြစ်ရေတင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကျောက်ဆည် နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးသည် နိုဝင်ဘာ ၅ ရက်တွင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရွှေလှဲပိုလ်မြစ်ရေတင်လုပ်ငန်းနှင့် ရွာသာယာမြစ်ရေတင်လုပ်ငန်းသို့ သွားရောက်စစ်ဆေးပြီး အယ်လ်နီညိုဖြစ်စဉ်အတွင်း စိုက်ပျိုးရေးနှင့် သောက်သုံးရေလုံလောက်စွာရရှိရေး စနစ်တကျ ဆောင်ရွက်ကြရန်နှင့် စားနပ်ရိက္ခာအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မြစ်ရေတင်လုပ်ငန်းများသည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်အုပ်စုတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရရှိရေးအတွက် ရွှေလှဲပိုလ်မြစ်ရေတင်လုပ်ငန်းမှ မိုးသီးနှံ ၁၅၅၇ ဧကနှင့် ရွာသာယာမြစ်ရေတင်လုပ်ငန်းမှ မိုးသီးနှံ ၈၅၀ အား စိုက်ပျိုးရေးဝေဝေလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှုလျှော့ချနိုင်ရေးနှင့် စိုက်ပျိုးရေးစဉ်ဆက် မပြတ်ပေးဝေနိုင်ရေးအတွက် ဆိုလာစနစ်များ တပ်ဆင်ဆောင်ရွက်လျက်ရှိရာ ရွှေလှဲပိုလ် မြစ်ရေတင်လုပ်ငန်းတွင် ယခင်တပ်ဆင်ပြီး ဆိုလာကီလိုဝပ် ၂၇၅ အပြင် ထပ်မံ၍ ဆိုလာကီလိုဝပ် ၂၇၅ အား တိုးချဲ့တပ်ဆင်သွားမည် ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

ကံမမြို့နယ်အတွင်း ပဂ္ဂလိကစက်သုံးဆီဆိုင်များ ကွင်းဆင်းစစ်ဆေး

ကံမ နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း အပူချိန်ပြင်းထန်လာမည့် ကာလများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းကာ ယမန်နေ့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ကံမမြို့နယ်အတွင်းရှိ ပဂ္ဂလိကစက်သုံးဆီဆိုင်များအနေဖြင့် စက်သုံးဆီများ စနစ်တကျဖြန့်ဖြူးရောင်းချခြင်းရှိ၊ မရှိ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အရန်သင့်ထားရှိမှု



အခြေအနေ၊ မီးသတ်ပေးဆိုင်းဘုတ်နှင့် စာတန်းများကို နေရာအနှံ့အပြားတွင် စနစ်တကျချိတ်ဆွဲထားခြင်း ရှိ၊ မရှိတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့မှ တာဝန်ရှိသူများက ပူးပေါင်း စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကောင်းစစ်နိုင်

ကွမ်းခြံကုန်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

ကွမ်းခြံကုန်း နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများပူးပေါင်း၍ အယ်လ်နီညိုနှင့် ပတ်သက်၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၆ ရက်တွင် မေတ္တာကျေးရွာခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး



ကော်မတီဥက္ကဋ္ဌက အယ်လ်နီညိုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက တောင်သူများအား အယ်လ်နီညိုဖြစ်ပွားနေစဉ်ကာလ ပိုးသတ်ဆေးဖျန်းခြင်းနှင့်ပတ်သက်၍ ဟောပြောသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးက Fire Hotspot နှင့် မီးခိုးမြွေငွေ့များ ဖြစ်ပွားမှုလျော့ချရေး၊ မီးဘေး ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)



ပခုက္ကူမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်း

ပခုက္ကူ နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ အခွန်ဆိုင်ရာ(M-TRACES) စနစ်အကြောင်း အသိပညာပေးရှင်းလင်းပွဲကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဧရာ(၁)ခန်းမတွင် ပြုလုပ်ရာ ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသန့်ဇင်က “အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူများထံမှ ရသင့်ရထိုက်သောအခွန်များရရှိစေရေး၊ အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းစနစ် (Monitoring on Taxpayer Registry and Compliance Evaluation System-M-TRACES)” အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ အကြောင်း အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ဘာမီသာ(ပခုက္ကူ)



ကျောက်တန်းမြို့နယ်၌ ဓာတုဓာတ်ကြွင်းကင်းစင်သော ပဲတီစိမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ သင်တန်းဖွင့်လှစ်

ကျောက်တန်း နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်းဝင်နိုင်ငံခြားတင်ပို့ကုမ္ပဏီများအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (Good Agricultural Practices_GAP) သင်တန်းကို ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာ SMU စုဝေးခန်းမ၌ နိုဝင်ဘာ ၄ ရက်က ဖွင့်လှစ်ပို့ချသည်။

အမှာစကားပြောကြား

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က အမှာစကားပြောကြားပြီး တင်ပို့ကုမ္ပဏီများမှ တာဝန်ရှိသူများက ပဲတီစိမ်းသီးနှံ နိုင်ငံခြားတင်ပို့ရောင်းချခြင်း၊ ဈေးကွက်ရရှိခြင်းဆိုင်ရာများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်း၊ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်လေးဦးက ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရာတွင် GAP စနစ်နှင့် GAP အသိအမှတ်ပြုလက်မှတ်၊ ဖျက်ပိုး/အပင်ရောဂါဗေဒဆိုင်ရာ လက္ခဏာများနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ မြေဆီလွှာစီမံခန့်ခွဲမှုနည်းစနစ်များနှင့် မျိုးစေ့ဆိုင်ရာအကြောင်းအရာများကို သင်တန်းပို့ချခြင်းနှင့် တောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သန့်ဇင်ထွန်း



တပ်ကုန်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါး ပေါ်ဆန်းမွေးစိုက်ခင်း ထရိုင်ဂိုဂရားများဥကပ်ပါးနကျယ်လွှတ်ခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၇

ပြည်ထောင်စု နယ်မြေနေပြည်တော် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ၂၀၂၆-၂၀၂၇ ခုနှစ် ထရိုင်ဂိုဂရားများ ဥကပ်ပါးနကျယ်လွှတ်ခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ခရမ်းစပ်ကုန်းအုပ်စု တောင်သူဦးမောင်မောင်နု၏ မိုးစပါး ပေါ်ဆန်းမွေးစိုက်ခင်း ငါးဧကာ စိုက်ကွက်တွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းထွန်းက မိုးစပါး ပေါ်ဆန်းမွေး စိုက်ခင်းထဲသို့ ဥကပ်ပါးနကျယ်များ လွှတ်ပေးခြင်းဖြင့် ပိုးသတ်ဆေးအသုံးပြုမှု လျော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ သီးနှံများ ဖျက်ဆီးတတ်သော လိပ်ပြာဖလံ မျိုးရင်းဝင်ဖျက်ပိုးများအား ဇီဝနည်းလမ်းဖြင့် ကာကွယ်နိမ့်နင်းရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် မြို့နယ်အတွင်း ပိုးသတ်ဆေးအရောင်းဆိုင် တာဝန်ရှိသူများနှင့် ခရမ်းစပ်ကုန်း၊ ပေတော၊ အင်ဘက်ကုန်းကျေးရွာများမှ စိုက်ပျိုးရေးတောင်သူ ၆၀ က သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ဦးစီးအရာရှိနှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု ကြီးကြပ်မှု ကော်မတီဝင်များက ပြန်လည်ရှင်းလင်းပေးခဲ့ပြီး မြို့နယ်စိုက်ပျိုးပညာပေး ကွင်းဝန်ထမ်းများက ဥကပ်ပါးနကျယ်လွှတ်ခြင်းကို လက်တွေ့သရုပ်ပြကွင်းဆင်းပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၇ ရော၀တီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် တမံရှိရေ ၂၉၄ ဒသမ ၇၀ ပေသာ ကျန်ရှိတော့သဖြင့် ၂၀ ဒသမ ၃၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

တို့ပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာ အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများရှိ ချိုနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီ ဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေး လျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ ၁၀၀

သာယာဝတီမြို့နယ် လူငယ်ရေးရာအသိပညာပေး ဟောပြော



သာယာဝတီ နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အထက(သရက်ကုန်းစာဖြူစု)ခန်းမ၌ ပြုလုပ်သည်။

အသိပညာပေး

အသိပညာပေးဟောပြောပွဲတွင် အထက(သရက်ကုန်းစာဖြူစု)တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးက ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ မိုးကြိုးဘေး၊ မြေပြိုဘေးကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို ကြိုတင်ရှောင်ရှားရမည့်အကြောင်းအရာများ၊ ဘေးအန္တရာယ်ကျရောက်လာပါက ပြုလုပ်ရမည့်အကြောင်းအရာများ၊ သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်သူဇာလွင်က မိုလ်ဘိုင်းဖုန်း အသုံးပြုခြင်းကြောင့် ရရှိလာမည့်ဆိုးကျိုးများအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ်၌ သောက်သုံးရေအရင်းအမြစ်များ စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ကျောင်းကုန်း နိုဝင်ဘာ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရော၀တီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံဖောရိုးကျေးရွာ၊ ခြောက်အိမ်တန်းကျေးရွာနှင့် ဖုံးဆိုးကြီးကျေးရွာတို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကျေးရွာရှိ သောက်သုံးရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို နိုဝင်ဘာ ၆ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ဖြန့်ဝေပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်ဖြင့် ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျ သုံးစွဲကြရန်၊ သောက်သုံးရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန်၊ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်နှင့် အယ်လ်နီညို အပူဒဏ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ရှောင်ရန် အချက်များကို ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အာကာ



ပေါင်းတည်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးကွင်းဆင်းစစ်ဆေး

ပေါင်းတည် နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အပူဒဏ်ကြောင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူဝင်းဦးဆောင်သော တပ်ဖွဲ့ဝင်များသည် စျေးများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စက်ရုံအလုပ်ရုံများနှင့် လူနေအိမ်များသို့ တစ်အိမ်တက်ဆင်းကွင်းဆင်းစစ်ဆေးလျက်ရှိရာ ယမန်နေ့က စျေးများနှင့်စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေးခြင်းနှင့် အသိပညာပေး သတိပေးဆော်သြခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ရွှေသား(IPRD)

သဘာဝကပေး ရေချိုအေး ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး



မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ မြန်မာ့ရိုးရာပွဲစျေး ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာပွဲစျေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Hotel ဝင်းအတွင်းရှိ ရန်ကုန် ကွန်ဗင်းရှင်းစင်တာ (YCC) ၌ ကျင်းပသည်။

မြန်မာ့ရိုးရာပွဲစျေး ဖွင့်ပွဲတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ယခုကျင်းပသည့် မြန်မာ့ရိုးရာပွဲစျေး ဖွင့်ပွဲတွင် ရိုးရာမုန့်ဖျိုးစုံကိုလည်း မြင်တွေ့နိုင်ကြောင်း၊ မုန့်များမှာ ဒေသအလိုက် ကုန်ကြမ်းအသုံးပြုပုံ၊ ရိုးရာမုန့်များ ပြုလုပ်နည်းနှင့် မိသားစု အစဉ်အလာများကို တွေ့မြင်နိုင်ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာပွဲစျေးမှာ ပျော်ပွဲရွှင်ပွဲအဖြစ် သတ်မှတ်၍မရဘဲ မြန်မာ့လူမှုအသိုက်အဝန်း၏ ဘာသာတရား ယုံကြည်မှု၊ အစဉ်အလာ အလေးထားမှု၊ လူမှုဘဝ၊ အနုသုခုမပညာ၊ လက်မှုပညာ၊ တီထွင်ဖန်တီးမှုနှင့် အစားအစာယဉ်ကျေးမှုတို့ကိုပါ တစုတစည်းတည်း အသက်ဝင်စေသည့် ရိုးရာအမွေအနှစ်တစ်ခုဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်များ



စဉ်ဆက်မပြတ် ရေရှည်တည်တံ့နိုင်မြဲပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်းက ဝမ်းမြောက်စကားပြောကြားပြီး မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မြန်မာ့ရိုးရာပွဲစျေး ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပွဲစျေးကျင်းပနိုင်ရေး အတွက် ပူးပေါင်းပါဝင် ပံ့ပိုးပေးခဲ့ကြသည့် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြပြီး တက်ရောက် လာကြသူများက ပွဲစျေးအတွင်း ခင်းကျင်းပြသထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယခုကျင်းပသည့် မြန်မာ့ရိုးရာပွဲစျေးကို နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ နံနက် ၁၀ နာရီမှ ည ၈ နာရီအတွင်း ခင်းကျင်းပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာ အစားအစာများ၊ မြန်မာ့ရိုးရာ အဝတ်အထည်များ၊ မြန်မာ့စာပေဖွယ် ပြုလုပ်နည်း သရုပ်ပြပွဲများ၊ မြန်မာအစားအစာနှင့် အာဟာရတန်ဖိုး စကားပိုင်းများ၊ စမ်းရေဖိုးဇာတ်ပွဲနှင့် Project K အဖွဲ့ ဖျော်ဖြေပွဲများ၊ တိုင်းရင်းသားပဒေသာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

မြန်မာ့ရိုးရာပွဲစျေးတွင် ဆိုင်ခန်းပေါင်း ၁၅၅ ခန်းကို ဇုန်သုံးခုခွဲ၍ ဇုန် (A)စျေးတန်းတွင် အစားအသောက်များ Fast Food၊ ဇုန် (B)စျေးတန်းတွင် ဒေသအသီးသီး၏ စားသောက်ကုန်များ၊ ဇုန် (C) တွင် တိုင်းရင်းသားဒေသ အသီးသီး မှထွက်ကုန်နှင့် လူသုံးကုန်အမျိုးမျိုး ပါဝင်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက မြချမ်းသာစေတီတော်ကြီး ပရိဝုဏ် အတွင်း/အပြင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

သာပေါင်း(ပြန်/ဆက်)



ဗိုလ်တထောင်ခရိုင်မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာစျေးအရှေ့တွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးနိုင်ဝင်းစိန် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၆ ရက်တွင် မီးဘေးလုံခြုံရေးသရုပ်ပြခြင်းများဆောင်ရွက်စဉ်။

မြတ်မြတ်အေး(ပြန်/ဆက်)

မှော်ဘီမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍာတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကွမ်းခြံကုန်းကျေးရွာ မဟာပုည၀ပုနကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ



ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၁ ပါး၊ ဒေသခံပြည်သူ ၈၉ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နာခေါင်း/လည်ချောင်း ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက်ရှိ ပဋ္ဌသုခမဟာရုံ၌ အခြေပြု၍ အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၅ ဦးအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို ရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ နား/နာခေါင်း/လည်ချောင်း ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



သန်လျင်မြို့ မြို့မဈေးကြီးတွင် နိုဝင်ဘာ ၅ ရက်က အယ်လ်နီညိုကြောင့် ကြံတွေ့လာနိုင်သည့် သဘာဝ ဘေးအန္တရာယ်များအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဇေယျာမင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များက ဈေးသည်များ၊ ဈေးဝယ်လာပြည်သူများအား ဖြန့်ဝေပေးစဉ်။

သန်းဝင်း(သန်လျင်)



ဇီးကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ထပ်ဆောင်းထိုးနှံခြင်းအစီအစဉ်ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၆ ရက်က ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အောင်ကိုကိုက ရှင်းလင်းဆွေးနွေးစဉ်။

မြို့နယ်(ပြန်/ဆက်)

ထိုင်းနိုင်ငံ၏ ပထမဆုံး AI နည်းပညာပြပွဲ စတင်ဖွင့်လှစ်

ဗန်ကောက် နိုဝင်ဘာ ၇

ထိုင်းနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ဉာဏ်ရည်တု (AI) နည်းပညာပြပွဲကို စတင်ကျင်းပခဲ့ပြီး ထိုင်းကုမ္ပဏီများက တီထွင်ထားသည့် နောက်ဆုံးပေါ် AI နည်းပညာများကို အဓိကပြသလျက်ရှိကြောင်း သိရသည်။

လေးရက်ကြာကျင်းပမည့် အဆိုပါပြပွဲကို မြို့တော်ဗန်ကောက်မြို့အနီး ခွန်ထဘူရီပြည်နယ်တွင် နိုဝင်ဘာ ၅ ရက်က ဖွင့်လှစ်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများနှင့် တက္ကသိုလ်များအပါအဝင် အဖွဲ့အစည်းပေါင်း ၁၀၀ ခန့် ပါဝင်ပြသလျက်ရှိသည်။

iApp Technology ကုမ္ပဏီက ထိုင်းဘာသာစကားအတွက် အထူးပြုပြင်မွမ်းမံထားသည့် စကားပြောဆိုနိုင်သော AI စနစ်အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်သည့် AI မော်ဒယ်တစ်ခုကို ပြသခဲ့သည်။ အဆိုပါစနစ်သည် အချက်အလက်များကို ထိုင်းနိုင်ငံအတွင်း၌သာ အပြည့်အဝ စီမံဆောင်ရွက်နိုင်ကြောင်း သိရသည်။

အဆိုပါနည်းပညာသည် AI ဖွံ့ဖြိုးတိုးတက်မှုတွင် လက်ရှိဦးဆောင်နေသည့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အပေါ် ထိုင်းနိုင်ငံ၏ မှီခိုအားထားမှုကို လျော့ချနိုင်ရန် အထောက်အကူပြုမည်ဟု မျှော်လင့်ထားသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ AI မော်ဒယ်များသည် ထိုင်းဘာသာဖြင့် ရေးသားထားသည့် စာရွက်စာတမ်းများကို ကောင်းစွာနားလည်နိုင်ခြင်း မရှိသည့်အတွက် ၎င်းတို့ကိုယ်ပိုင် AI မော်ဒယ်ကို တီထွင်ဖွံ့ဖြိုးရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ကေဘရစ် ဗီရိယာယွတ် ကွန်က ပြောကြားခဲ့သည်။



အဆိုပါပြပွဲတွင် ရောဘာပင်များမှ ရောဘာအစေးခြစ်ယူရန် ဒီဇိုင်းထုတ်ထားသည့် စက်ရုပ်နှင့် AI နည်းပညာအသုံးပြု၍ ရုပ်ရှင်များ ဖန်တီးနိုင်သည့် နည်းပညာများကိုလည်း ပြသထားကြောင်း သိရသည်။

အင်နဒ်အိတ်ချ်ကေ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကာကွယ်ဆေးအသစ်နှစ်မျိုးကို လက်တွေ့စမ်းသပ်မည်

ကင်ရှာဆာ နိုဝင်ဘာ ၇

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဖြစ်ပွားနေသည့် အီဘိုလာရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကာကွယ်ဆေးအသစ်နှစ်မျိုးကို လက်တွေ့စမ်းသပ်မှုများ စတင်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေး နှစ်မျိုးသည် လက်ရှိရောဂါဖြစ်ပွားမှုကို ဖြစ်စေသည့် အီဘိုလာဗိုင်းရပ်စ်မျိုးကွဲတစ်မျိုးဖြစ်သော Bundibugyo ဗိုင်းရပ်စ်ကို ကာကွယ်ရန် ရည်ရွယ်ထုတ်လုပ်ထားသည့် ကာကွယ်ဆေးများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုဝင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။



အဆိုပါဗိုင်းရပ်စ်မျိုးကွဲ အတွက် အတည်ပြုထားသည့် ကာကွယ်ဆေး မရှိသေးကြောင်းလည်း သိရသည်။

ကာကွယ်ဆေးစမ်းသပ်မှုများကို ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပြီး စမ်းသပ်မှုရလဒ်များကို ၂၀၂၇ ခုနှစ် အစောပိုင်းတွင် ရရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ကာကွယ်ဆေး တစ်ခုတည်းဖြင့် ယခုရောဂါကူးစက်မှုကို အဆုံးသတ်နိုင်မည် မဟုတ်သော်လည်း ရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် အထောက်အကူဖြစ်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တီဒရော့စ် အက်ဒါနွမ် ဂါဘရီယက်စ်က ပြောကြားခဲ့သည်။

အီဘိုလာရောဂါသည် အာဖရိက အလယ်ပိုင်းရှိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ပြီးခဲ့သည့် မေလမှစတင်၍ လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိသည်။ နောက်ဆုံးရ စာရင်းများအရ ရောဂါကူးစက်ခံရသူ ၁၀၅၀ ကျော်ရှိပြီး သေဆုံးသူ ၅၁၀ ကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အင်နဒ်အိတ်ချ်ကေ

အစ္စရေးနိုင်ငံက အမျိုးသားအဆင့် ဆိုက်ဘာပေါ်တယ် စတင်မိတ်ဆက်

ကျေရှဆလင် နိုဝင်ဘာ ၇

အစ္စရေးအမျိုးသား ဆိုက်ဘာညွှန်ကြားမှုဦးစီးဌာနက နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံသားတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် လက်တွေ့အသုံးဝင်သော ဆိုက်ဘာကာကွယ်ရေးကိရိယာများကို အခမဲ့ပံ့ပိုးပေးမည့် အမျိုးသားအဆင့် ဆိုက်ဘာပေါ်တယ်တစ်ခုကို စတင်မိတ်ဆက်လိုက်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။ အဆိုပါပလက်ဖောင်းတွင် အသုံးပြုသူများအနေဖြင့် မိမိတို့၏ ဆိုက်ဘာလုံခြုံရေးအခြေအနေကို အကဲဖြတ်ခြင်း၊ ဖြစ်လာနိုင်သည့် ခြိမ်းခြောက်မှုများကို ဖော်ထုတ်ခြင်းနှင့် အွန်လိုင်းလုံခြုံရေးကို ပိုမိုခိုင်မာစေရန် လမ်းညွှန်ချက်များ ရယူခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။

အဆိုပါပေါ်တယ်၏ဆောင်ရွက်ချက်အဖြစ်အသုံးပြုသူများအနေဖြင့် မကဆေ့ချ်များနှင့် ဆိုရှယ်မီဒီယာများမှ သံသယဖြစ်ဖွယ် လင့်ခ်များကို ကူးယူထည့်သွင်းပြီး ၎င်းတို့၏ ယုံကြည်စိတ်ချရမှုကို စစ်ဆေးနိုင်ခြင်းဖြစ်သည်။

အဆိုပါစနစ်သည် အရင်းအမြစ်အမျိုးမျိုးမှ အချက်အလက်များကို နှိုင်းယှဉ်စစ်ဆေးခြင်းဖြင့် အသုံးပြုသူအား လိမ်လည်လှည့်ဖြားသည့် ဝက်ဘ်ဆိုက်များသို့ ဦးတည်စေနိုင်သည့် လင့်ခ်များကို ခွဲခြားဖော်ပြပေးမည်ဖြစ်ပြီး အန္တရာယ်ရှိသော လင့်ခ်များကို ဆိုက်ဘာညွှန်ကြားမှုဦးစီးဌာနထံသို့ အလိုအလျောက် ပေးပို့အကြောင်းကြားမည်ဖြစ်သည်။

ဆင်ဟွာ

ကမ္ဘောဒီးယား၌ ရှားပါးဧရာဝတီလင်းပိုင် စောင့်ကြည့်ထိန်းသိမ်းရေးနည်းပညာစင်တာ ဖွင့်လှစ်မည်

ဖနောင်ပင် နိုဝင်ဘာ ၇

ကမ္ဘောဒီးယား နိုင်ငံသည် မဲခေါင်မြစ်အတွင်းရှိ ရှားပါးဧရာဝတီလင်းပိုင်များကို ကာကွယ်စောင့်ရှောက်ရန် စောင့်ကြည့်ထိန်းသိမ်းရေးနည်းပညာစင်တာ တစ်ခုကို လာမည့်နှစ်ကုန်ပိုင်းတွင် စတင်တည်ထောင်ရန် ပြင်ဆင်နေကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါ စင်တာအား ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေတို့၏ ပံ့ပိုးမှုဖြင့် တည်ထောင်ခြင်းဖြစ်သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် ငါးလုပ်ငန်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးစနစ်ကို ခေတ်မီတိုးတက်စေရန် အထောက်အကူပြုပြီး ဒေသတွင်း ဥပဒေစိုးမိုးရေး လုပ်ငန်းများကို အားကောင်းလာစေသည့်အပြင် ကမ္ဘောဒီးယားနိုင်ငံ၏ အဖိုးတန် သဘာဝအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ထားသည့် မဲခေါင်မြစ်လင်းပိုင်များ ရေရှည်ဆက်လက်ရှင်သန်နိုင်ရေးကိုလည်း အာမခံချက်ပေးနိုင်ရန် ပံ့ပိုးပေးလျက်ရှိသည်။



မဲခေါင်မြစ်အတွင်းရှိ ဧရာဝတီလင်းပိုင်များသည် ကမ္ဘောဒီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကရာတီနှင့် စတန်ထရမ်ခရိုင်များကြား ၁၂၀ ကီလိုမီတာ ရှည်လျားသော မြစ်ကြောင်းတစ်လျှောက်တွင် အဓိက ကျက်စားနေထိုင်ကြသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းသည် ကောင်းမွန်သော ရလဒ်များ ရရှိနေကြောင်း တွေ့ရှိပြီး လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ဧရာဝတီလင်းပိုင်ကောင်ရေ စုစုပေါင်း ၁၂၀ ခန့် ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ၌ သဘာဝဓာတ်ငွေ့ ရှာဖွေရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုး

ကဘူး နိုဝင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံ သတ္တုတွင်းနှင့် ရေနံဝန်ကြီးဌာနက နိုင်ငံမြောက်ပိုင်း ကျော်ဇ်ဂျန်ပြည်နယ်တွင် သဘာဝဓာတ်ငွေ့ ရှာဖွေရေးနှင့် ထုတ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Azizi Group နှင့် အမေရိကန်ဒေါ်လာ ၂၇၅ သန်းတန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမဲ့အနာဂတ်တွင် သတ္တုတွင်းနှင့် ရေနံဝန်ကြီး မူလာ ဟေဒါယာတူလာ ဘာဒရီက အဆိုပါစီမံကိန်းသည် လူမှုစီးပွားရေးကဏ္ဍအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် စီမံကိန်းအကောင်အထည်ဖော်စဉ်ကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်း ၂၀၀၀ ကျော် ဖန်တီးပေးနိုင်မည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါစာချုပ်သည် အနှစ် ၃၀ သက်တမ်းရှိပြီး Amu Darya မြစ်ဝှမ်းဒေသရှိ Jungal Kalan နယ်မြေတွင် စတုရန်းကီလိုမီတာ ၃၀၀၀ ကျော် ကျယ်ဝန်းသော ဧရိယာကို လွှမ်းခြုံထားသည်။ စီမံကိန်းလုပ်ငန်းများ စတင်လည်ပတ်နိုင်ပါက လျှပ်စစ်ဓာတ်အား ၁၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ဝန်ကြီးဘာဒရီက ပြောကြားခဲ့သည်။

ဆင်ဟွာ

✦ ၂၀၂၆ ခုနှစ်မှ

ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသားပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ အဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့်သာသနာရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ် စသည်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပညာရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီမှ စတင်၍ အမျိုးသားအုပ်စုပတ်လည်ပွဲစဉ်များအဖြစ် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ နေပြည်တော်ဝဏ္ဍသိဒ္ဓိအားကစားကွင်းရှိ အားကစား(B)၌ ကျင်းပလျက်ရှိပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်



Pacific Sun Far အသင်းနှင့် YRG အသင်းတို့ ယှဉ်ပြိုင်စဉ်။

MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIU အသင်း ဇယားထိပ်၌ ဦးဆောင်

ရန်ကုန် နိုဝင်ဘာ ၇

၂၀၂၆ MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)ကို နိုဝင်ဘာ ၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ MIU အသင်း လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ခွင့်ရပြီး Pacific Sun Far အသင်းနှုန်းပွဲနှင့်အတူ ထိပ်ဆုံးမှ ဖယ်ပေးခဲ့ရသည်။

ပွဲစဉ်(၁၇)အပြီး ထိပ်ဆုံးမှ ဦးဆောင်နေသည့် Pacific Sun Far အသင်းသည် တတိယနေရာမှ YRG အသင်းနှင့် ထိပ်တိုက်တွေ့ဆုံရာ အရေးနိမ့်ခဲ့သဖြင့် ထိပ်ဆုံးမှ ဖယ်ပေးခဲ့ရသည်။ ယင်းအခွင့်အရေးကို MIU အသင်း အသုံးချကာ နိုင်ပွဲနှင့်အတူ လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ခွင့်ရခဲ့သည်။ ပွဲစဉ်(၁၈)တွင် YCDC Dream Team အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၃ ဂိုး–လေးဂိုး၊ Gold Dream အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၁၄ ဂိုး–ဂိုးမရှိ၊ United City အသင်းက Burmese Warrior အသင်းကို ရှစ်ဂိုး–နှစ်ဂိုး၊ YRG အသင်းက Pacific Sun Far အသင်းကို သုံးဂိုး–နှစ်ဂိုး၊ MIU အသင်းက JV အသင်းကို ကိုးဂိုး–သုံးဂိုး၊ ULAD အသင်းက Royal Noka အသင်းကို ရှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်(၁၈)အပြီးတွင် MIU အသင်းက ၄၉ မှတ်၊ YRG အသင်းနှင့် Pacific Sun Far အသင်းက ၄၆ မှတ်စီ၊ YCDC Dream Team အသင်းက ၃၈ မှတ်၊ Gold Dream အသင်းက ၃၆ မှတ်၊ ULAD အသင်းက ရဖွတ် ၃၀၊ United City အသင်းက ၂၁ မှတ်၊ JV အသင်းက ရဖွတ် ၂၀၊ Royal Noka အသင်းက ၁၈ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ၁၁ မှတ်၊ မင်္ဂလာဒုံစီးတီးအသင်းက သုံးမှတ်၊ Burmese Warriors အသင်းက တစ်မှတ်ရရှိထားသည်။ သတင်း – ရွှိုင်းထက်ဇော်၊ ဓာတ်ပုံ – MFF

အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စု(A)ပထမနေ့ ရန်ကုန်မြို့၌ ကျင်းပမည်

မြန်မာ–အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား–ဖိလစ်ပိုင် တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၇ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စု(A) ပထမနေ့ကို နိုဝင်ဘာ ၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာနှင့် အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ အဖွင့်ပွဲကစားမည်ဖြစ်သည်။

ခြေစစ်ပွဲ အုပ်စု(A)တွင် အင်ဒိုနီးရှား၊ မြန်မာ၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်အသင်းတို့ပါဝင်ပြီး ရန်ကုန်မြို့ရှိ ကွင်းနှစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယခင်က စတားစီးတီးကွင်းနှင့် ပဒေသာကွင်း၌ တစ်နေ့နှစ်ပွဲနှုန်း ကျင်းပရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် ပဒေသာကွင်း၌ ကျင်းပမည့်ပွဲအားလုံးကို သုဝဏ္ဏကွင်းသို့ ပြောင်းလဲကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီ၌ စတင်မည်ဖြစ်သည်။ အုပ်စုပထမနေ့အဖြစ် နိုဝင်ဘာ ၇ ရက်တွင် သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်း၊ စတားစီးတီးကွင်း၌ ကမ္ဘောဒီးယားအသင်းနှင့် ဖိလစ်ပိုင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု(A) ပြိုင်ပွဲဝင်အသင်းများ၏ ပွဲကြို သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၇ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF Hall)၌ ကျင်းပသည်။

မြန်မာအသင်း နည်းပြချုပ် ကိုင်ဆူကိုက “ပြင်ဆင်မှုတွေ အကောင်းဆုံးလုပ်ဆောင်ထားပါတယ်။ ပြီးခဲ့တဲ့အိန္ဒိယနဲ့ ခြေစမ်းပွဲစဉ်တွေဟာ အသင်းရဲ့ ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲစဉ် ဖြစ်တာမို့ လိုအပ်ချက်တွေ ရှိခဲ့ပါတယ်။ ဒါတွေကို ပြင်ဆင်ဆောင်ရွက်ထားပြီး ခြေစစ်ပွဲမှာ ရလဒ်ကောင်းဖို့ တစ်ပွဲချင်း အကောင်းဆုံး ကစားသွားမှာပါ”ဟု ပြောကြားသည်။

ဖိလစ်ပိုင် ယူ-၁၇ အသင်းနည်းပြချုပ် ဆွာရက်ဇ်က “ကျွန်တော်တို့ ဒီပွဲအတွက် ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အုပ်စုတွင်းမှာ အသင်းကောင်းတွေ ပါဝင်တယ်ဆိုတာ သိထားပါတယ်။ ဒါပေမဲ့ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ဖို့အတွက် ရည်မှန်းချက်ပြည့်မီအောင် ကျွန်တော်တို့ အကောင်းဆုံးကြိုးစားသွားကြမှာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

အင်ဒိုနီးရှား ယူ-၁၇ အသင်းနည်းပြချုပ် ဒေးဗစ်ဒီဆိုဆာက “ဓွန်လကတည်းက စတင်ပြင်ဆင်ခဲ့ကြပြီး ခြေစမ်းပွဲအချို့ကိုလည်း ကစားနိုင်ခဲ့ပါတယ်။ ကစားသမားလေးတွေလည်း ပွဲစဖို့အတွက် အလွန်ကိုစိတ်လှုပ်ရှားနေကြပါပြီ။ တခြားအသင်းတွေလည်း အတူတူပဲဖြစ်မယ်လို့ ထင်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့မှာ ကောင်းမွန်တဲ့ ပြင်ဆင်မှုတွေ ရှိနေပါပြီ။ ဒီပြိုင်ပွဲမှာ အကောင်းဆုံး ကြိုးစားသွားမှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

အာဖဂန်နစ္စတန် ယူ-၁၇ အသင်း နည်းပြချုပ် အလီအာဓက်က “ဒီပြိုင်ပွဲအတွက် ကျွန်တော်တို့အနေနဲ့ ခွန်အားအပြည့်နဲ့ အကောင်းဆုံး ပြင်ဆင်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ပထမပွဲစဉ်အတွက်လည်း အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် အရာရာ အဆင်သင့်ဖြစ်နေပါပြီ” ဟု ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား ယူ-၁၇ အသင်းနည်းပြချုပ် ခါအမ်ရီက “ကျွန်တော်တို့ရဲ့ ကစားသမားတွေ အတွက် အဆင့်အတန်းမြင့်တဲ့ ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ရင်း တန်ဖိုးရှိတဲ့ အတွေ့အကြုံကောင်းတွေ ရယူနိုင်မယ့် အခွင့်အရေးကြီးတစ်ခုလို့ပဲ မြင်ပါတယ်။ ပြိုင်ဘက်တိုင်းကို ကျွန်တော်တို့ လေးစားပါတယ်၊ ဒါပေမဲ့ ဘာကိုမှလည်း မကြောက်ပါဘူး။ ပွဲစဉ်တိုင်းကို အကောင်းဆုံး ဖြစ်အောင် ပြင်ဆင်သွားမှာဖြစ်ပြီး စည်းကမ်းသေဝပ်မှု၊ ပြတ်သားမှုနဲ့ ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည်အပေါ် ယုံကြည်ချက်အပြည့်နဲ့ ချဉ်းကပ်ယှဉ်ပြိုင်သွားမှာပါ”ဟု ပြောကြားသည်။ သတင်း – ညီမြတ်သော်တာ ဓာတ်ပုံ – MFF



အုပ်စု (A) ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် ဧရာဝတီအသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၇

၂၀၂၆–၂၀၂၇ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပရာ ဧရာဝတီအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာကလပ် ဧရာဝတီအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အီရန်ကလပ် ဘမ်ခါတွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းသည် ယခုပွဲဂိုးပြတ်အနိုင်ရလဒ်ကြောင့် အကောင်းဆုံးအုပ်စုတတိယနေရာအတွက် မျှော်လင့်ချက်ရှိလာပြီး အခြားအုပ်စုများမှ တတိယနေရာရအသင်းများ၏ ရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဧရာဝတီအသင်းသည် အနိုင်သုံးမှတ်အပြင် ဂိုးပြတ်သွင်းရန်လည်း လိုအပ်နေသဖြင့် တိုက်စစ်အသားပေးသည့်ပုံစံ၊ လူစာရင်းဖြင့် ပွဲထွက်လာသည်။ ဧရာဝတီအသင်း ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသား ကစားသမား နှစ်ဦးသာပါဝင်ပြီး ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ သန်းသန်းနွယ်၊ ဓွန်ယုယဦးတို့ဖြင့် ပွဲထွက်လာသည်။ ပွဲအစ နှစ်မိနစ်မှာပင် ဧရာဝတီအသင်း ဦးဆောင်ဂိုးရခဲ့ပြီး သန်းသန်းနွယ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း ဧရာဝတီအသင်းက ဂိုးထပ်မံရရှိရန် အားထည့်ကစားခဲ့ပြီး ၅၈ မိနစ်တွင် သန်းသန်းနွယ်၊ ၆၃ မိနစ်တွင် မီရာမိတိုတို့က သွင်းယူသည်။

အုပ်စု(A)ထပမံပွဲတွင် မြောက်ကိုရီးယားကလပ် နာဂိုရန်းအသင်းက ဂျပန်ကလပ် ကိုဘေးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(A)ပွဲစဉ်များအပြီးတွင် မြောက်ကိုရီးယားကလပ် နာဂိုရန်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဂျပန်ကလပ် ကိုဘေးအသင်းက ခြောက်မှတ်ဖြင့် အုပ်စုတတိယရရှိကာ နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီး ဧရာဝတီအသင်းက သုံးမှတ်ရရှိကာ အီရန်ကလပ် ဘမ်ခါတွန်အသင်းက အမှတ်မရခဲ့ပေ။ တတိယနေရာရသည့် ဧရာဝတီအသင်းသည် အကောင်းဆုံး



အုပ်စုတတိယနေရာအတွက် အုပ်စု(B)နှင့် (C)တို့မှ တတိယနေရာရ အသင်းများ၏ ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF

ကော့သောင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးသင်တန်း ဖွင့်လှစ်



ကော့သောင်း နိုဝင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး သင်တန်းကို ယမန်နေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကော့သောင်းခရိုင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးကြိုးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကားပြောကြားသည်။ ထို့နောက် ကော့သောင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာသိန်းဇော်မင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရင်းကောက်များအား တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာများ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဖျာပုံခရိုင်၌ မီးလန့်မှု၊ မီးလောင်မှုများမရှိစေရေး စည်းပင်သာယာရေးများ စစ်ဆေးဆောင်ရွက်

ဖျာပုံ နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားပြီး စည်းပင်သာယာရေးများ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ယမန်နေ့နံနက်ပိုင်းတွင် စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီများ ပူးပေါင်းပြီး ဈေးများ၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ထားရှိသည့်မီးသတ်ဆေးဘူးများ၊ မီးသတ်စက်များ၊ မီးသတ်ရေကန်များ အသင့်အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းထက်သာ





သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ဒဂုံတက္ကသိုလ်၌ တတိယနှစ်ဂုဏ်ထူးတန်း အောင်မြင်ခဲ့သော မမြေတင်နိုးသက်၏ ဖခင် ဦးကျော်စွာဦးနှင့် ဦးသက်ဦး [၁၂/တမန(နိုင်)၀၂၂၈၃၂]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

လွိုင်သာယာမြို့နယ်ရေ (၁၁) ဦးသန်းအောင်၏ သမီး ဒေါ်ကြိုင်နှင့် ဒေါ်ဝင်းဝင်းမေ(စ/ရန၁(နိုင်) ၁၁၈၀၆၉)အမည်ခံနှစ်မျိုး ကွဲလွဲနေပါသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ကြိုင်(၁)ဒေါ်ဝင်းဝင်းမေ၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် – ၅၂ နည်းဥပဒေ ၁ နှင့် ၅)

မင်္ဂလာဒုံခရိုင်တရားရုံး

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၃၉

ဦးဇော်လင်း နှင့် ဦးကွန်ဟုတ်ချင်(၁)ဦးချို

(တရားလို) **(တရားပြိုင်)**

(ယခင်)အမှတ်(၁၅၂)၊ (၄)လမ်း၊ အနောက်ရွှေတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရေ တရားပြိုင် ဦးကွန်ဟုတ်ချင်(၁)ဦးချို (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ကတိပဋိညာဉ်အတိုင်းမြေကွက် အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ပေးစေလို့မှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့ဝင်ပြီး မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ **၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်တိုးလဆန်း ၁၁ ရက်) ရေနှမန်းဗဟတည်ခိ (၁၀:၁၀) နာရီ** အချိန်တွင် အထက်က အမည်ရေးသားပါရိုသူ တရားလို ဖွဲဆိုချက်ကို ထူချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရေနက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကျယ်ရှည်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်[၁] စာချုပ်စာတမ်းများနှင့် သင်က ထူချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရမည်၊ သို့ဆည်းမဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။ သင်က ထူချေလွှာ တင်သွင်းလို့လျှင် အမှုမဆိုင်ဘဲ လေးရက်ကာ တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရွှေဒီဇင်ဘာအောင်)
ဒုတိယခရိုင်တရားသူကြီး(၃)
မင်္ဂလာဒုံခရိုင်တရားရုံး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်-၁၄/အခန်း-၆၊ ၅၄လမ်းတွင်နေထိုင်သူ ဦးမြင့်ဦး[၁၂/ဗဟထ(နိုင်)၀၂၅၅၀၁]နှင့် ဒေါ်အေးအေးရီ[၁၂/ဝဘတ(နိုင်)၀၂၀၆၂၈]တို့၏သားဖြစ်သူ ကျော်ဇင်ဦး[၁၂/ဗဟထ(နိုင်)၀၄၀၂၁၂]သည် မိဘ၏ဆိုဆုံးမမှုနာခံခြင်းမရှိဘဲ မိဘစိတ်ဆင်းရဲစေရန် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သားအဖြစ်အပြီး စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ကျော်ဇင်ဦးနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်ဦး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၂)ရပ်ကွက်၊ အောင်သပြေလမ်း အမှတ်-C-4ဟုခေါ်တွင်သောမြေကွက်၏ အလျား ၀၆(၄၀)x အနံ ၀၆(၆၀)နှင့် ၎င်းမြေကွက်ပေါ်ရှိသီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစံတင်ထွန်း(၄/ဟခန(နိုင်)၀၂၆၉၅၈)ထံမှ ကျွန်ုပ်၏ဖတ်ဆွေဖြစ်သူ မပမအောင်(၁/ပတအ(နိုင်)၀၁၉၃၃၀)က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသဖြင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်း၊ လျှုဒါန်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်သန်းဆွေ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၈၅)
ဖုန်း-၀၉-၄၄၂၈၇၁၀၆

အများသိစေရန်ကြေညာခြင်း

